


# ဝိပဿနာအားထုတ်ဆဲပုဂ္ဂိုလ်များအတွက်
# ဒီတစ်လုပ်တည်းနဲ့ကိစ္စပြီးတယ်

## (ဥတ္တရလုလင်)

ဟောကြားသည့်နေ့

(၁၀-၁၂-၉၉)

၁၇၈

ကျေးဇူးတော်ရှင် မဟာထေရ်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသောသစ္စာ(၄)ပါးတရားတော်အမှတ်စဉ်(၄၅)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

## ဝိပဿနာအားထုတ်ဆဲပုဂ္ဂိုလ်များအတွက်

# ဒီတစ်လုပ်တည်းနဲ့ ကိစ္စပြီးတယ်

(ဥဒ္ဒာရလုလင်)

ဟောကြားသည့်နေ့
(၁၀-၁၂-၅၉)

ပါဠိတော်ကိုတဲ့ ဒီနေ့ အင်္ဂုတ္တိုရ်ကပြောင်းပြီး ဥပရိပဏ္ဏာသ ပါဠိတော်ဆိုတာ ဥပရိ က-ဆက်၊ ပဏ္ဏာသကဝေဖန်ပြီး သကာလ မြတ်စွာဘုရား ပညတ်ပြီးသကာလ ဟောတော်မူတာတဲ့။

အဲဒီ ဥပရိပဏ္ဏာသပါဠိတော်မှာ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ အားထုတ်နည်း အကျဉ်းချုပ်ပြတာ အင်မတန်အဖိုးတန်တယ်လို့ ဆိုတာ မှတ်ထားရမယ်နော် . . . (မှန်ပါ့)။

## ဝိပဿနာလုပ်ဆဲပုဂ္ဂိုလ်များအတွက်

ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များ၊ အကျဉ်းချုပ်ကွာ ဒီကနေထိုင်ပြီး အားထုတ်လိုက်မယ်ဆိုလို့ရှိရင်ဖြင့်ကွာတဲ့၊ မကြာပါဘူးတဲ့ နိဗ္ဗာန်မင်္ဂဖိုလ်ဆိုတဲ့ ဥစ္စာဟာ မရောက်မရှိပါဘူး။ ငါအကျဉ်းချုပ်ဟောပါမယ်ဆိုပြီး သကာလ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဝိပဿနာ အကျဉ်းချုပ် ဟောတဲ့နေရာဌာန ဒကာ ဒကာမတွေ ဝိပဿနာအလုပ်လုပ်စပုဂ္ဂိုလ်များ၊ လုပ်ဆဲပုဂ္ဂိုလ်များ နောင်ကို အထက်တက်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များ ဒီတစ်လုပ်ထဲနဲ့ပဲ ကိစ္စပြီးပါတယ်လို့ ဘုရားက တာဝန်ခံတယ် . . . (မှန်ပ့ါ)။

အဲဒါကြောင့် အထူးဂရုစိုက်ပြီး ဘုန်းကြီးတို့ ဒကာ ဒကာမတွေက၊ မနေ့ကပြောခဲ့တာ မှတ်ပြီးသကာလ ညော် . . . ဖြစ်ပျက်မတွေ့သေး ဘုရားမပွင့်သေးပါလား . . . (မှန်ပ့ါ)။

မနေ့ကစကားကလေး . . . (မှန်ပ့ါ)၊ ဖြစ်ပျက်မတွေ့သေးလို့ ကိုယ့်သန္တာန်မှာဆိုက်သေးဘူးပေါ့ဗျာ . . . (မှန်ပ့ါ)။

## ဖြစ်ပျက်အလုပ်သည်သာလိုရင်းအလုပ်

အဲဒါကြောင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ကြောင်း

တရားကောင်းဟာဖြင့်၊ ဝိပဿနာဖြစ်ပျက်အလုပ်ဟာဖြင့်၊ ဒါ လိုရင်းအလုပ်ကိုဆိုတာ အသေအချာမှတ်ပါ . . . (မှန်ပါ့)။

အဲဒီတော့ကို ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကလေးလည်း မပါပဲနဲ့လည်း ဟောလို့မဖြစ်လို့၊ ပဋိစ္စသမုပ္ပါဒ်လမ်းခင်းပြီး သကာလ၊ ဒကာ ဒကာမတွေ ရှေ့ပိုင်းကနားထောင်ပါဦးတဲ့။

ကိုယ့်သန္တာန်ဖြစ်တဲ့ဖြစ်စဉ်သိပြီးမှ ကိုယ်ရှုတဲ့ဉာဏ်နဲ့ တည့်အောင်လို့၊ ယနေ့သေသေချာချာပဲ ဒကာ ဒကာမတွေ မရှုတတ် မရှိရအောင်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟော တာကို၊ ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်းကနေပြီးတော့မှ ဝိပဿနာ အကျဉ်းချုပ်ကို ဒီလိုရှုရတယ်ဆိုတာ၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီး ဟောတဲ့အတွက်၊ ဒကာ ဒကာမတွေ အလွန်ကျေးဇူး များမဲ့အဖြစ်ကို ဒီဟာကို ထုတ်လာသည်လို့ မှတ်ကြစမ်းပါနော် . . . (မှန်ပါ့)။

ဒကာ ဒကာမတွေမှာ မျက်လုံးရှိတယ် . . . (မှန်ပါ့) မသေခင်မျက်လုံးဆိုတဲ့ မျက်လုံးရုပ်ကလေးကရှိတယ်။ ဒီမျက်လုံး ကလေးက မဖွင့်ပဲနဲ့လည်း မနေနိုင်ဘူး၊ မပိတ်ပဲလည်း မနေနိုင် ဘူး။ မောင်နိုင်တို့ ကိုမြင့်တို့ ဒီအတိုင်းပေါ့နော် . . (မှန်ပါ့)

မဖွင့်ပဲ၊ မပိတ်ပဲ နေလို့ရကြရဲ့လား . . . (မရပါဘူး

ဘုရား) မရတော့ မျက်လုံးဆိုတာ ဖွင့်လိုက်လို့ရှိရင်ဖြင့် တစ်ခုခု သော ပစ္စည်းနဲ့တော့ တည့်ရတော့မှာ . . . (မှန်ပါ့)။

## မျက်လုံးဖွင့်လိုက်ရင်

မတည့်ပေဘူးလား . . . (တည့်ပါတယ်ဘုရား) မျက်လုံး ဖွင့်လိုက်ရင် တစ်ခုခုသော့ပစ္စည်းနဲ့ မတည့်ပါနဲ့ဆိုလို့ မရဘူး . . . (မရပါဘူးဘုရား)။

ကျောက်ကုန်သည်တွေဆိုလို့ရှိရင်လည်း ကျောက်နဲ့ တည့်မှာပဲ . . . (မှန်ပါ့) တမင်တကာ တွင်းလုပ်ပြီးသကာလ အဖက်လုပ်ပြီးသကာလ စားကြတဲ့ပုဂ္ဂိုလ်တွေမှန်လို့ရှိရင်လည်း အနီးအနားကျောက်တွေ၊ အင်း ကျောက်ကြီးတွေ၊ အင်း မြေတွေ ဖြုန်းတွေနဲ့ပဲ မျက်လုံးဖွင့်လိုက်ရင် ဒါကတော့ တည့်ရတော့မှာ (မှန်ပါ့)။

မတည့်ရဘူးလား . . . (တည့်ရပါတယ်ဘုရား) တည့်ရ တဲ့အခါကျတော့ မျက်လုံးဖွင့်တယ်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ တစ်ခုခုနဲ့တည့်တော့ကို ဘယ်လိုဖြစ်တတ်ပါတုံးဆိုတော့၊ ဒီက ဥပမာကျောက်ကုန်သည်မို့ ကျောက်ကလေးတစ်ခုထားတာပေါ့။

ဒီကျောက်ကလေးကို သူက ကျောက်ကုန်သည် တစ်ယောက်က ပေါ်တာ ကျောက်ကုန်သည်၏ မျက်လုံးလို့

မောင်နိုင်တို့က မှတ်တာပေါ့၊ ကိုမြင့်တို့က မှတ်တာပေါ့ . . . (မှန်ပါ့)။

## မြင်စိတ်

ကျောက်ကုန်သည်၏ မျက်လုံးနဲ့ ကျောက်နဲ့ဖြင့်တဲ့ မျက်စိဖွင့်လိုက်လို့ရှိရင် တည့်သွားပြီ . . . (မှန်ပါ့) တည့်သွားတယ်ဆိုလို့ရှိရင်ဖြင့် ဩော် . . . ဒီမျက်လုံးနဲ့ တည့်လိုက်ရင်ပဲ နောက်ကဘာပေါ်လာတုန်းလို့ မေးလို့ရှိရင်ဖြင့် မြင်တယ်ဆိုတဲ့ စိတ်ကလေးက ဒကာ ဒကာမတို့ ဒါက မျက်လုံးရုပ်၊ မြင်ဘယ်ဆိုတဲ့ စိတ်ကလေးက နောက်ကပေါ်လာတယ် . . . (မှန်ပါ့)။

မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား) ကျောက်ကုန်သည်နဲ့ မျက်လုံးနဲ့ တည့်လိုက်ရင် ဘာပေါ်လာတုံး . . . (မြင်စိတ်ပေါ်လာပါတယ်ဘုရား) မြင်တယ်ဆိုတဲ့ စိတ်ပေါ်လာတယ်လို့ မှတ်လိုက်ပါတော့ . . . (မှန်ပါ့)။

ဩော် ကျောက်ကုန်သည်သည် မျက်လုံးဖွင့်လိုက်လို့ ရှိရင်ဖြင့် မြင်တဲ့စိတ်ကလေးဟာဖြင့် တစ်၊ တစ်က = ကျောက်၊ နှစ်က = မျက်လုံး၊ သုံးက = မြင်တဲ့စိတ် ပေါ်လာတယ် . . . (မှန်ပါ့)။

တစ်က ဘာပါလိမ့် . . . (ကျောက်ပါဘုရား)၊ နှစ်ကဘာ

ပါလိမ့် . . . (မျက်လုံးပါဘုရား)၊ သုံးကဘာပါလိမ့် . . . (မြင်တဲ့စိတ်ပါဘုရား)၊ မြင်တဲ့စိတ်ကလေး ပေါ်လာတယ်နော်။

မြင်တဲ့စိတ်ကလေးပေါ်လာတယ်တဲ့ ဒါပဌာန်းနည်းတွေ အသာထားလိုက်ပါဦးတော့ ဒကာ ဒကာမတွေ အစဉ်သိအောင် လို့သာ ဒီလိုဖွင့်လိုက်ပါတယ်။ ဒီလိုပြောလိုက်ပါတယ်။

## လိုချင်တာရယ်

အဲတော့၊ ဒီမြင်တဲ့စိတ်ကလေးပေါ်လာလို့ရှိရင်ဖြင့်၊ မြင်ပြီးသူဒီအတိုင်း နေတော့လားလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်၊ မြင်လို့ရှိရင် သူတစ်ခုခုတော့ ဖြစ်ရတော့မယ် . . . (မှန်ပါ့)။

ဖြစ်ရတော့မယ်၊ မြင်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လိုချင်ရင်လည်း လာမယ် . . . (မှန်ပါ့)၊ မြင်ရင် . . . (လိုချင်လာမှာပါဘုရား)၊ လိုချင်ရင်လည်း လာမယ်နော် . . . (မှန်ပါ့)။

## မလိုချင်တာရယ်

မြင်ပါရဲ့ မလိုချင်ရင်လည်း . . . (လာပါတယ်ဘုရား)။ ဪ . . . မြင်တယ် ဒီအထည်ကိုယ့်မှာ အစပ်မရှိလို့ရှိရင်လည်း ဈေးကလည်းမြင့်နေမယ်၊ အစပ်ကလည်း မရှိဘူးဆိုလို့

ရှိရင်ဖြင့်၊ ကြိုက်ကျောက်လည်း မဟုတ်ဘူးဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သန္တာန်၌ မလိုချင်ပေါ်ပါတယ် . . . (မှန်ပါ့)။

မြင်ပြီးသကာလ လိုချင်တာရင်လည်းပေါ်တယ် ဒီနေရာက . . . (မှန်ပါ့)၊ လေးနံပါတ်ကနော် . . . (မှန်ပါ့)၊ မြင်ပြီးသကာလ မလိုချင်ရင်လည်း . . . (ပေါ်ပါတယ်ဘုရား)။

ဩော် မျက်လုံးပေါက်ထဲမှာ မြင်ပြီးသကာလ လိုတာရင်လည်း ပေါ်တတ်တယ်။ တစ်ခါတလေကျတော့ ဒီမြင်တာလေး မလိုချင်တာလေး ပေါ်တတ်တယ်၊ နှစ်ခုရှိသွားပြီ . . . (မှန်ပါ့)။

အင်း သုံးနံပါတ်က လာပြလို့ ကြည့်လိုက်တာပဲဆိုပြီး သကာလ လိုချင်မှု၊ မလိုချင်မှု ဩော်. . . ဒါသည် လာပြလို့ ကြည့်လိုက်တာပဲဆိုတော့ ကြည့်ကာမျှမတ်တတ်ကော မလာဘူးလား . . . (လာပါတယ်ဘုရား)။

အားနာပါးနာ ကြည့်လိုက်တဲ့အကြည့်လေးကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။ ရှိတော့ ဒီဥစ္စာက လိုချင်တာလားလို့ဆိုတော့ မဟုတ်ဘူး၊ မလိုချင်တာလား ဆိုတော့လည်း (မဟုတ်ပါဘူးဘုရား)။

## လိုချင်မှုမလိုချင်မှုကင်းတာရယ်

အားနာပါးနာပြလာလို့ ကြည့်လိုက်တာပဲ ရှိတာပဲဆို တော့ ဩော် . . . ဒါဖြင့် လိုချင်မှု မလိုချင်မှုကင်းတဲ့ သဘော လေးကော တစ်ခါတစ်ရံဖြစ်တယ် . . . (မှန်ပါ့)၊ ဘယ်နှစ်မျိုးဖြစ် သွားတုံး . . . (သုံးမျိုးဖြစ်သွားပါတယ်ဘုရား)။

ကျောက်မြင်လို့ လိုချင်မှုက တစ်ခါတလေဖြစ်တယ်နော် (မှန်ပါ့)၊ မျက်လုံးပေါက်တစ်ပေါက်တည်းကနော် . . . (မှန်ပါ့)။

တစ်ခါတစ်လေကျတော့လည်း ကျောက်မြင်လိုက် ကတည်းကိုကပဲ မလိုချင်မှု မပေါ်ဘူးလား . . . (ပေါ်ပါတယ် ဘုရား)။ တစ်ခါတလေကျလာတဲ့ကျတော့လည်း လိုချင်မှု၊ မလိုချင်မှုမှ ကင်းတာလေးကော . . . (ပေါ်ပါတယ်ဘုရား)။

## သုံးမျိုးပေါ်နိုင်တယ်

ဒါဖြင့် ဒီနေရာမှာ သုံးခုပေါ်တဲ့နေရာ . . . (မှန်ပါ)။ တစ်၊ နှစ်၊ သုံး၊ လေးနံပါတ်မှာ သုံးမျိုးပေါ်နိုင်တယ် . . . (မှန်ပါ့)။ လေးနံပါတ်မှာ ဘယ်နှစ်မျိုးပေါ်တုံး . . . (သုံးမျိုးပေါ်ပါတယ် ဘုရား)။

သေချာမှတ်ပါ၊ သေချာမှတ်ပါ၊ ပြီးတော့မှ ဝတ္ထုထုတ်ပြီး သကာလ ပြပါမယ်။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေရာလေးဟာဖြင့် လိုချင်မှု ပေါ်နိုင်တဲ့နေရာကော့ . . . (ဟုတ်ပါတယ်ဘုရား)။ လိုချင်မှု၊ မလိုချင်မှုကင်းတဲ့ သဘောလေး ပေါ်တဲ့နေရာကော . . . (ဟုတ်ပါတယ်ဘုရား)။

ဒါမှတစ်ပါး ဒကာဒကာမတွေ သန္တာန်ပေါ်စရာမရှိဘူး . . . (မရှိပါဘူး) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ တစ်၊ နှစ်၊ သုံး၊ လေး၊ လေးမှာ ဘယ်နှစ်မျိုး ပေါ်နိုင်တုံး . . . (သုံးမျိုးပေါ်နိုင်ပါတယ်ဘုရား)။ ဒါက ကျောက်ကုန်သည် ဟောသဖြင့် အားလုံးသောပုဂ္ဂိုလ်တို့လည်း ကိုယ်ဆိုင်ရာ ပစ္စည်းအပေါ်မှာ ဒီအတိုင်းပဲနေကြမှာပဲ . . . (မှန်ပါ့)။ သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

ဘယ်နှစ်မျိုးပေါ်နိုင်ပါတုံး . . . (သုံးမျိုးပေါ်နိုင်ပါတယ်ဘုရား)။ လိုချင်မှုဆိုတဲ့ သဘောလေးလဲပေါ်တယ်။ မလိုချင်မှုဆိုတဲ့ သဘောလေးကော . . . (ပေါ်ပါတယ်ဘုရား)။

လိုချင်မှု၊ မလိုချင်မှု ကင်းတဲ့သဘောလေးကော . . . (ပေါ်ပါတယ်ဘုရား)။ ဒီနေရာဘယ်နှစ်မျိုးပါလိမ့် . . . (သုံးမျိုးပါဘုရား)။

မှတ်ထားပါ၊ မှတ်ထားပါ၊ မှတ်ထားပါတဲ့ ကိုင်းဒါဖြင့်

ဒီနေရာလေးဟာ သုံးမျိုးပေါ်နိုင်တဲ့နေရာလေးကို ဒကာ ဒကာမ တွေက ရှင်းလင်းသွားပြီဆိုတာကော ကိုမြင့်တို့ မောင်နိုင်တို့ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

ဒီနေရာ ဘယ်နှယ်မျိုးပေါ်ပါလိမ့် . . . (သုံးမျိုးပေါ်ပါ တယ် ဘုရား)။ ကောင်းပြီ၊ ဒါမပေါ်ပါနဲ့လို့ ဆိုလို့လည်းမရဘူး . . . (မရပါဘူး) ပေါ်ပါလို့ဆိုလို့လည်း မရဘူး . . . (မရပါဘူး)။

## မျက်စိဖွင့်ရင် တစ်မျိုးမျိုးပေါ်ရမယ်

မျက်လုံးဖွင့်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒီဉစ္စာမလွဲသာ မရှောင်သာ တဲ့ သုံးမျိုးပေါ်ရမှာပဲ . . . (မှန်ပါ့)။ တစ်ခုခုတော့ဖြင့် မပေါ်ပါနဲ့ ဆိုလို့ . . . (မရပါဘူး)။

ဩော် . . . ဒါဘယ်ပစ္စည်းမျိုးကြည့်ကြည့် အားလုံး ဒကာ ဒကာမတို့ ဒီသုံးမျိုး တစ်ခုခုတော့ဖြင့် ဒကာ ဒကာမတွေ သန္တာန်မပေါ်ပါနဲ့ဆိုလို့ မရတဲ့တရားသုံးမျိုး . . . (မှန်ပါ့)။

သုံးမျိုးစလုံးပေါ်တယ်လို့တော့မဆိုနဲ့ တစ်ခုခုတော့ ပေါ်ရမယ် . . . (မှန်ပါ့)။ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။ သုံးမျိုးစလုံးပေါ်နိုင်သလား တစ်ခုခုပေါ်သလား . . . (တစ်ခုခု ပေါ်ပါတယ်ဘုရား)။

## လိုချင်ရင်တဏှာ

တစ်ခုခုတော့ ပေါ်ရတော့မယ် . . . (မှန်ပါ့)။ ကောင်းပြီ ဒါဖြင့် တစ်နံပါတ်ပြောလိုက်မယ် လိုချင်မှု ပေါ်လာတယ်ဆိုတော့ တဏှာပဲ ထားလိုက်ပါတော့ . . . (မှန်ပါ့)။

လိုချင်မှုပေါ်လာတော့ . . . (တဏှာပါဘုရား)။ ဩော် . . . တဏှာကနေပြီး ပဋိစ္စသမုပ္ပါဒ် ဆက်လိုက်တဲ့ အခါကျတော့ တဏှာပြီးတော့ ဥပါဒါန် . . . (မှန်ပါ့)။ လာမှာပဲ . . . (လာမှာပါဘုရား)။ မလာပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။

ဥပါဒနပစ္စယာ . . . (ကမ္မဘဝပါဘုရား)။ ဟော ကံလာပြီ . . . (မှန်ပါ့)။ ဩော် . . . ဒီနေရာကနေပြီး ဆက်တာကိုးဆိုတာပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

ဒီနေရာကနေပြီးသကာလ ဆက်တာကိုး ဒါမပေါ်ပါနဲ့ ဆိုလို့မရ၊ ဒီကနေပြီးသကာလလည်း ဥပါဒါန်တို့၊ ကံတို့ ဆိုတာကလည်း လာရတဲ့နေရာပဲဆိုတာ ဒကာ ဒကာမတွေ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။ ရှင်းပြီ။

တဏှာပြီး ဥပါဒါန်၊ ဥပါဒါန်ပြီး ကံလာတာပဲ။ ဒါဖြင့် ဒီလိုမှတ်လိုက်ပါဦးလား . . . ဒကာ ဒကာမတို့ ရှင်းသထက် ရှင်းအောင် ဩော် . . . ဒီနေရာဟာ တော်တော်အရေးကြီးတဲ့ နေရာပါလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်

ဘုရား)။ မပေါ်ဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

## သံသရာဆက်တာ ဘယ်နေရာကလဲ

ဩော် . . . တို့သံသရာဆက်တာ ဘယ်နေရာကပါလိမ့် မတုံးလို့ အားလုံး ဒကာ ဒကာမတွေ လက်သည်ရှာလို့ရှိရင် လေးကဆက်တယ် . . . (မှန်ပါ့)။ ဘယ်ကစဆက်တုံး (လေးက စဆက်ပါတယ်ဘုရား)။ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

လေးကစဆက်တယ်ဆိုတော့ ရှင်းပါပြီ၊ ဒါကလိုချင်မှု ပေါ်လို့ လိုချင်မှုတဏှာ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

တဏှာပစ္စယာ . . . (ဉပါဒါန်ပါဘုရား)။ ဉပါဒါနပစ္စယာ (ကမ္မဘဝ)။ ကမ္မဘဝေါဆိုတော့ ဩော် . . . ဒီလိုပါလား . . .

ဒါဖြင့် ဒကာ ဒကာမတို့ သံသရာဆက်တဲ့နေရာသည် တစ်၊ နှစ်၊ သုံး၊ လေး၊ လေးကစတယ် . . . (မှန်ပါ့)။ လေးက စတယ်။ လေးကဘယ်နှယ်ကြောင့် စသတုန်းဆိုတော့ ဉပါဒါန် မရှိပဲနဲ့ ကံမရှိပဲနဲ့ ဒီအတိုင်း ဒကာ ဒကာမတွေသိတဲ့အတိုင်း နောက်ဘဝ ကမ္မဘဝပစ္စယာ ဇာတိဆိုတာမပေါ်နိုင်ဘူး . . . (မပေါ်နိုင်ပါဘူးဘုရား)။

## စွဲလန်းရင်ဥပါဒါန်

ဇာတိမရှိပဲနဲ့လည်း ဇရာ မရဏဆိုတဲ့နှစ်ခုဟာကော . . . (မရှိပါဘူး) မပေါ်နိုင်ပါဘူး။ ဩော် ဒါဖြင့် ဒီက ဒို့ ကျောက်ကုန်သည် လိုချင်တဲ့သဘောလေး၊ လိုချင်တဲ့ သဘောလေးက နေပြီးသကာလ ဒီကျောက်ကလေး မရ ရအောင်တော့ ကြိုးစားမှပဲ၊ ဘယ်လိုလှည့်ပတ်ပြီး ဘယ်လို ပြောမှပဲ၊ ဘယ်လောက်ဈေးကလေး ပေးမှပဲဆိုတဲ့၊ ဥစ္စာစွဲလမ်းတဲ့ ဥပါဒါန်ကြောင့် အသံတွေအမျိုးမျိုးထွက်ပြီးသကာလ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အသံတွေ အမျိုးမျိုးထွက်ပြီး လာတာကတော့ ကာယကံနဲ့ အင်း သွားလိုက်၊ ကြည့်လိုက်၊ အမျိုးမျိုးအဖုံဖုံ ဟိုလှည့်ကြည့် ဒီလှည့်ကြည့်ဆိုတဲ့ ကာယကံတွေကတော့ မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဝစီကံလည်း ဒီလောက်တော့ တော်လောက်ပြီ ထင်တယ်ဆိုတဲ့ ဝစီဘေဒသဒ္ဒကလေးကလည်း မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)။

မနောကံလေးကလည်း မနောကံကလည်း ကြံလျက်စီလျက်ပဲ၊ ဒါသူဒီလောက်ဆိုရင်တော့ သူဘယ်နည်းနဲ့မဆို

ဖြုတ်မှာပဲဆိုတဲ့ မနောကံကြံလုံးကလည်း ပါသေးတယ် (မှန်ပါ့) မပါဘူးလား . . . (ပါပါတယ်ဘုရား)။

## အားထုတ်တော့ ကံမြောက်ပြီ

အံမလေး ဒကာ ဒကာမတို့ ဒီနေရာကံသုံးမျိုးဖြစ်တယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။ ကံ ဘယ်နှစ်မျိုးဖြစ်တုံး . . . (ကံသုံးမျိုးဖြစ်ပါတယ် ဘုရား)။

ဩော် . . . ဘယ်နှယ်ကြောင့် ဒီကံတွေ ဒီလောက်များ ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ၊ လေးဟာလည်း ဒကာ ဒကာမတို့သည် လေးမှာက သံသရာဆက်ဖို့ အစဖော်လိုက်တဲ့ အတွက် . . . (မှန်ပါ့)။

လေးနံပါတ်မှာ သံသရာအစပေါ်လာတယ် . . . (မှန်ပါ့)။ လေးနံပါတ်မှာ ဘာပေါ်တုံး . . . (သံသရာအစ ပေါ်လာပါတယ်ဘုရား)။ သံသရာအစပေါ်လာတယ်။ သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

သံသရာအစ ပေါ်လာတယ်လို့ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။ သံသရာအစ အဝိဇ္ဇာ၊ တဏှာကကိုး . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## သံသရာအစ – အဝိဇ္ဇာတဏှာက

သံသရာအစ . . . (အဝိဇ္ဇာ တဏှာကပါဘုရား)။ အဲဒီမှာ လိုချင်တဲ့ဥစ္စာ လိုချင်တာသည်သိလို့ လိုချင်တာလား မသိလို့ လိုချင်တာလားလို့ မေးလို့ရှိရင် ဘယ်နဲ့ဖြေပါမတုံ . . . (မသိလို့ လိုချင်တာပါဘုရား)။

ဒါကြောင့် ဒီလောဘနဲ့ အဝိဇ္ဇာနဲ့ဟာ တွဲရက်ကြီးလို့ မှတ်ပါ . . . (မှန်ပါ့)။ ဒီမှာ သံသရာအစ ပေါ်လာပြီ . . . (မှန်ပါ့)။ ဟော့ ဦးခန့်ကြီးတို့ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။ ရှင်းပြီနော်။

ဒီက သံသရာအစ ပေါ်လာတော့ သံသရာရောက်ကြောင်း နှစ်ခုဟာလည်း မောင်နိုင် မလာပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။

ဒီက အဝိဇ္ဇာတဏှာ၊ ဒီကဥပါဒါန် အင်းဒီက ကာယကံ၊ ဝစီကံ၊ မနောကံ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာဖြင့် ဒကာ ဒကာမတွေ ဒီဘက်ကိုကတော့ သေမှရောက်မှာ . . . (မှန်ပါ့)။ ယခုဒီဘဝ ကျောက်တစ်လုံးတွေ့လိုက်တယ်ဆို ဒီသံသရာအစလည်းပေါ်ပြီ သံသရာအစ အကြောင်းသုံးခုပေါ်လာတယ် . . . (မှန်ပါ့)။ မဆိုနိုင်ဘူး

လား . . . (ဆိုနိုင်ပါတယ်ဘုရား)။

သံသရာအစ အကြောင်းသုံးခု . . . (ပေါ်လာပါတယ်ဘုရား) ဘယ်သူပါလိမ့် . . . (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါဘုရား)။

တဏှာထဲမှလည်း အဝိဇ္ဇာပါ့တယ် . . . (ပါပါတယ်ဘုရား) ဒါကြောင့် သံသရာအစ ဒီကလို့ ပြောလိုက်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကျောက်ကုန်သည်ဘာအပြစ်ရှိသတုံး

ဩော် . . . ဒီလိုဆရာသမားတွေနဲ့ ဆုံးမသွန်သင်ပေးမဲ့ ပုဂ္ဂိုလ်မရှိလို့ ရှိရင်ဖြင့်၊ တို့ကျောက်ကုန်သည်လုပ်နေတာလား၊ သံသရာ ဒုက္ခရှာနေတာလားလို့ မေးဖို့လိုလာတယ် . . . (မှန်ပါ့)။

ဘယ်လိုအဖြေထုတ်ကြမတုံး . . . (သံသရာ ဒုက္ခရှာနေတာပါဘုရား)။ ဇာတိ ပိ ဒုက္ခ . . . (မှန်ပါ့)။ ဇရာ ပိ . . . (ဒုက္ခပါဘုရား)။ မရဏ မ္ပိ . . . ဒုက္ခပါဘုရား)။

ဒါ ဒီကံမလုပ်ပဲနဲ့ ဒါရပ့်မလား . . . (မရပါဘူး ဘုရား)။ ဒီကံဟာ ဒီဥပါဒါန် မစွဲလန်းပဲနဲ့ ဒီကံပေါ်ပါ့ မလား . . . (မပေါ်ပါဘူး ဘုရား)။

ဒီ သံသရာမစပဲနဲ့ ဒီဟာတွေလာပ့်မလား . . . (မလာပါဘူးဘုရား)။ သြော် ကျောက်ကုန်သည်လည်း လုပ်ရတာဘုရားဒီပြင်ကုန်နဲ့စာရင် အတော်ပြစ်ကင်းပါတယ်လို့ ဒကာဒကာမတွေ ပြောချင်ပြောကြမယ် . . . (မှန်ပါ့)။ ပြောချင်လည်းပြောကြမှာပဲ . . . (မှန်ပါ့)။

ဘာပြုလို့တုံးဆိုတော့ ခြင်းတောင်းထမ်းပြီးသကာလမသွားရတာက တစ်ကြောင်း၊ သိပ်ငြင်းဆိုနေရတာလည်း မထွက်ရတာလည်း တစ်ကြောင်း၊ ကုန်က သေးငယ်တာလည်း တစ်ကြောင်းဆိုတော့ အသက်မွေးဝမ်းကြောင်းတော့ တော်သေးရဲ့လို့ မောင်နိုင်တို့ ဆိုချင် ဆိုမှာပါ . . . (ဆိုမှာပါ ဘုရား)။ ကိုမြင့်တို့ကော . . . (ဆိုမှာပါဘုရား)။

ဆိုပင်ဆိုငြားသော်လည်း ဒီဥစ္စာက အဘိဓမ္မာ ဒေသနာတော်ဖြစ်နေတော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကလည်း ဘုရားမပွင့်လည်းရှိတာပဲ . . . (မှန်ပါ့)။ ဘုရားပွင့်ရင်ကော . . . (ရှိပါတယ်ဘုရား)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘုရားမပွင့်လည်း ခင်ဗျားတို့ မျက်လုံးနဲ့ ခင်ဗျားတို့ဒီအတန်းကနေပြီး ကြည့်တာပဲ . . . (မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား)။

ဘုရားမပွင့်လည်း ဒီအတန်းကြီးက . . . (ရှိပါတယ်ဘုရား) အဲမနေ့က တရားအတိုင်းမှတ်ပါတဲ့၊ ဒါလည်း ဓမ္မနိယာမတရား . . . (မှန်ပါ့)။

ဘုရားပွင့်လည်းရှိ၊ ဘုရားမပွင့်လည်း . . . (ရှိပါတယ်ဘုရား) သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။ ဒါဖြင့် သံသရာဖြတ်ချင်လို့ရှိရင်ဖြင့် သံသရာအစ အဝိဇ္ဇာ တဏှာက ဆိုတဲ့သဘောဟာလည်း အားလုံး ဒကာ ဒကာမတွေ ရှင်းပါပြီ။ . . . (ရှင်းပါပြီဘုရား)။

သံသရာဖြတ်ချင်ရင် အဝိဇ္ဇာ တဏှာဖြုတ်ရမယ် . . . (မှန်ပါ့)။ မဖြုတ်ရဘူးလား . . . (ဖြုတ်ရမှာပါဘုရား)။ ကိုင်း ဒကာ ဒကာမတို့ ယနေ့ဝတ္ထုမထုတ်သေးပါဘူးတဲ့။ ခင်ဗျားတို့ မျက်လုံးထဲမှာပင် တရားဟောနေပါတယ်။ မျက်လုံးဖြစ်စဉ် ကိုက် တရားဟောနေပါတယ်ဆိုတာကော ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။ ကျေနပ်ပါပြီ။

အဲဒီတော့ အခု[illegible]တာ ဆရာဘုန်းကြီးနဲ့ ကြုံလို့ မောင်နိုင်တို့ ကိုမြင့်တို့ ကောင်းကောင်းမွန်မွန် သိကြရမယ်နော် . . . (မှန်ပါ့)။

## ဘာအပြစ်မှမရှိဘူးလို့ထင်ကြတယ်

ဒီလိုမသိတဲ့ ပုဂ္ဂိုလ်တွေ မြို့ထဲရွာထဲမှာဖြစ်စေ၊ တစ်နိုင်ငံလုံးမှာဖြစ်စေ၊ တစ်ကမ္ဘာလုံးမှာဖြစ်စေ ဟာဖြင့် ဘာအပြစ်ရှိတုံးလို့ ပြောကြမှာပဲ . . . (မှန်ပါ့)။

မပြောကြဘူးလား . . . (ပြောမှာပါဘုရား) ဘာအပြစ်မှ မရှိဘူးလို့ထင်တယ် . . . (မှန်ပါ့)။ ဘာအပြစ်မှမရှိဘူးလို့ ထင်တာက အဝိဇ္ဇာနဲ့ တဏှာက ဒီနေရာပေါ်နေတယ် . . . (မှန်ပါ့)။

## ကံတွေက၊ အဟောသိကံဖြစ်မှာလား

ဒီ ဥပါဒါန်ကကော . . . (ပေါ်နေပါတယ်ဘုရား)။ ဒီ ကာယကံ၊ ဝစီကံ၊ မနောကံ ကကော . . . (ပေါ်နေပါတယ်ဘုရား)။

ပေါ်ပြီးသကာလနေတော့ ဒီကံတွေဟာ အဟောသိကံ ဖြစ်ရတော့မှာလားလို့ မေးတော့ ဒကာ ဒကာမတို့ ဝိပဿနာ ဉာဏ် မဂ်ဉာဏ်မပါရင် ဘယ်တော့မှမဖြစ်ဘူး . . . (မှန်ပါ့) ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူးဘုရား)။

ဝိပဿနာဉာဏ် မဂ်ဉာဏ်မပါရင် . . . (မဖြစ်ပါဘူး

ဘုရား)။ မဖြစ်တော့ ဟောဒီနေရာမှာသေလိုက် ဒကာ ဒကာမ တွေ စုတိစိတ်ကျလိုက် ဒီကြားထဲ . . . (မှန်ပါ့)။

ကံပြီးတော့ကော ကံကုန်လို့သေလိုက်ပြန်တော့ မောင်နိုင် . . . (မှန်ပါ့)။ ဘာလာမယ်ထင်တုံး . . . (ဇာတိပဲ လာမှာပါဘုရား)။

ဇာတိ၊ ဇရာ၊ မရဏ လာတယ်ဆိုတော့ ဒီသုံးခုက ဘာသစ္စာတုံး မေးပြန်တော့ . . . (ဒုက္ခသစ္စာပါဘုရား)။ အို ဟုတ်သွားပဲ ဒကာ ဒကာမတွေက ဟောဒီသုံးခုက သမုဒယ သစ္စာ (မှန်ပါ့)၊ သံသရာအစကလည်း သမုဒယကပဲ . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဥပါဒါန်ကလည်း သမုဒယပဲ . . . (မှန်ပါ့)။ ကံကလည်း (သမုဒယပါဘုရား)။ သမုဒယဆိုတာ ဒုက္ခဖြစ်ကြောင်း ဟူသ၍ သမုဒယချည့်မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ဒုက္ခဖြစ်ကြောင်းဟူသ၍ . . . (သမုဒယချည့်ပါဘုရား) အဲ ခင်ဗျားတို့ လောဘတစ်လုံးထဲလို့ မှတ်မထားနဲ့နော် . . . (မှန်ပါ့)။

## ဒုက္ခဖြစ်ကြောင်းဟူသ၍ သမုဒယ

လောဘတစ်လုံး . . . သမုဒယလို့ မမှတ်လိုက်ပါနဲ့၊

ဒုက္ခဖြစ်ကြောင်းဟူသ၍ ဘာဆို . . . (သမုဒယပါဘုရား)။ ဒါဖြင့် ကျောက်ကုန်သည်မှာဖြစ်စေ၊ ဈေးသည်မှာဖြစ်စေ အမျိုးမျိုး သားနဲ့ သားသမီး ဆွေမျိုးညာတကာတွေ မျက်လုံးဖွင့်လိုက်လို့ ကြည့်လိုက်တဲ့အခါဖြစ်စေ သမုဒယသုံးခုက တန်းပေါ်တယ် . . . (မှန်ပါ့)။

သေသည် အခြားမဲ့၌ ဒုက္ခသုံးခုကို ရှောင်ချင်လွဲချင် ပါတယ်ဆိုလို့တော့ မရတော့ဘူး . . . (မရတော့ပါဘူးဘုရား)။ ရပါမလား . . . (မရတော့ပါဘူးဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားမပွင့်လည်း ဒီ ပဋိစ္စ သမုပ္ပါဒ်က ဒီအတိုင်းပဲ . . . (မှန်ပါ့)၊ ဘုရားပွင့်လည်း (ဒီအတိုင်း ပါဘုရား)

ဒီနေ့ ခပ်စိပ်စိပ်နဲ့ ဒကာ ဒကာမတွေ ဝိပဿနာ အလွယ် ဆုံးနည်းနဲ့လည်း ပထမတည်းက စကားချီခဲ့ပါတယ်။ ဟော မလို့ သို့သော်လည်း ကိုယ့်အဖြစ်ဆိုးကြီးကို အရင်ပြနေပါတယ်လို့၊ ပယ်စရာကို အရင်ပြနေတယ်လို့ မှတ်ပါ (မှန်ပါ့)။

ဩော် . . . ကိုယ့်သန္တာန် ဒီလိုအဖြစ်ဆိုးကြီးဟာဖြင့် မျက်လုံးဖွင့်လိုက်ရင် အခက်ကြီးပါလားဆိုတာ သိသွားပြီ . . . (မှန်ပါ့) မသိသေးဘူးလား . . . (သိပါပြီဘုရား)။

ကောင်းပြီ ဒါမျက်လုံးဖွင့်လိုက်လို့နော် . . . (မှန်ပါ့)။ မလာပါနဲ့ဆိုလို့လည်း . . . (မရပါဘူးဘုရား)။ မရဘူးတဲ့ မရတာ ဘယ်နဲ့ကြောင့် မရတုံးလို့ မေးတဲ့အခါကျတော့ ဓမ္မနိယာမတာ၊ ဓမ္မထိတတာ၊ ဓမ္မ၏ သဘောအတိုင်းဖြစ်နေတာ . . . (မှန်ပါ့)။

မလာပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား) ဒီကနေ မြင်တယ်ဆိုလို့ရှိရင်ဖြင့် လိုချင်တာရင်လည်း လာမယ်နော် . . . (မှန်ပါ့)။ မလိုချင်တာလာပြန်တယ်လို့ ပြန်စကြပါဦးစို့။

ခုနက . . . ဒါလိုချင်တာ သဘောကျသွားပလား . . . (မှန်ပါ့)။

ဒီကကျောက်ကလေး ဒီကမျက်လုံးမြင်တယ်၊ ဒီကမျက်လုံးက ဒီကျောက်ကိုမြင်တော့ အင်းဒီကျောက်ကိုမြင်တဲ့ မျက်လုံးနဲ့ ထိပ်တိုက်လိုက်တဲ့အခါ ဒီမှာ မြင်တဲ့စိတ်ကလေး ပေါ်လာတယ်. . . (မှန်ပါ့)။ မပေါ်လာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

မြင်ပေမဲ့လည်း ကိုယ့်မှာ အစပ်လည်း မရှိဘူး၊ ကျောက်ကလည်း အနာအဆာတွေများလိုက်တာနဲ့ စကားသာ ရှည်နေတာ မလိုချင်ပါဘူး . . . (မှန်ပါ့)။ မလာဘူးလား (လာပါတယ်ဘုရား)။

## မလိုချင်တာက ဒေါသ

အင်း မလိုချင်တဲ့ဒေါသလေးက . . . (လာပါတယ်ဘုရား) အလိုမကျမှုလေး၊ ဒေါသလေးမလာဘူးလား . . . (လာပါတယ်)။

ဒေါသလာတာနဲ့ ဒေါသဆိုတာမသိလို့ဖြစ်တာ ဖြစ်သောကြောင့် အဝိဇ္ဇာတွဲလိုက် . . . (မှန်ပါ့)။ ပါရက်ပဲ။ အဝိဇ္ဇာဆိုတဲ့တရား အကုသိုလ်စိတ် တစ်ဆယ့်တစ်ခု ဘာဖြစ်ဖြစ် ငါပါတာချည့်ပဲဆိုတဲ့ အဓိပ္ပာယ်လည်း ရှင်းထားလိုက်တာပေါ့ . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲတော့ ဒီဒေါသလာတဲ့အခါကျလို့ ရှိရင်ဖြင့်တဲ့ ဒကာဒကာမတို့၊ ဒေါသနောက်ကနေပြီးသကာလ အင်း ဒီဥစ္စာသောက က ငါအပြောများတိုသွားသလား မပြောတတ်ပါဘူးသောက ကလုပ်တယ် . . . (မှန်ပါ့)။

အပြောများ တိုသွားလို့လား၊ စိတ်ခုများသွားလား အင်းဒီတွေးလုံးနဲ့က လာသေးတယ် သောကတွေက . . . (မှန်ပါ့)။ မလာဘူးလား . . . (လာပါတယ်ဘုရား)။

ကြည့်တော့ကြည့်လိုက်တာပဲ ကိုယ်ကမလိုချင်လို့ ဒါမလိုချင်ပါဘူး ပြောလိုက်ပေမဲ့ သူ့စိတ်ထဲက ကျေမှကျေနပ်ရဲ့လားဆိုတဲ့ တွေးလုံးသောကလေးက လာသေးတယ် . . .

(မှန်ပါ့)။

မလာဘူးလား . . . (လာပါတယ်ဘုရား)။ အင်း တွေးလုံးသောကလေးက လာတဲ့အခါကျလို့ရှိရင် သောကနဲ့ဆိုင်ရာ အကုသိုလ်တွေ၊ ပရိဒေဝတွေ ဒုက္ခ၊ ဒေါမနဿတွေကကော . . . (လာပါတယ်ဘုရား)။

အင်း ဒုက္ခ၊ ဒေါမနဿတွေလာတဲ့အခါကျတော့ ကျွေးလိုက်ဦးမှ မွေးလိုက်ဦးမှပဲ အင်း ဝယ်တော့မဝယ်ဘူးကွာ ဒီကဈေးသုံးယူသွားဦးဆိုတဲ့ ဒုက္ခ ဒေါမနဿတွေလည်း လာသေးတယ် . . . (မှန်ပါ့)။ မလာရပေဘူးလား (လာရပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်စပြန်တယ်

လာရတဲ့ဒုက္ခဒေါမနဿတွေနဲ့ လာတော့ ဒီနေရာ အဝိဇ္ဇာကပါလျက်ပဲ မနေဘူးလား . . . (နေပါတယ်)။ အင်း လာပြန်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ ဒီဘက်က ဘယ့်နှယ်နေတုံး . . . (စပါတယ် ဘုရား)။

သင်္ခါရပစ္စယာ ဟောဒိဝိညာဏ်လာတယ် . . . (မှန်ပါ့) ဝိညာဏ်လာလို့ရှိရင် အိုသေကတော့ . . . (လာမှာပါဘုရား)။ တွဲပြီ . . . (မှန်ပါ့)။

အဲဒါ မလိုချင်တဲ့သဘောလေး . . . (မှန်ပါ့)။ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။ ကောင်းပြီ ဒါက ကျောက်တစ်လုံးကို မလိုချင်လို့ဖြစ်ရတဲ့အဖြစ် . . . (မှန်ပါ့)။

ဒါလည်း သံသရာဆက်မဆက် . . . (ဆက်ပါတယ်) ရှင်းကြလား . . . (ရှင်းပါပြီ)။ ကောင်းပြီ ဒါက ဓမ္မနိယာမတော် ဓမ္မထိတာဆိုတဲ့အတိုင်း ဒကာ ဒကာမတို့ ငြင်းဆန်ကိုမနေနဲ့ ဘုရားမပွင့်လည်း ဒီမျက်လုံးဟာ ရှိနေတာပဲ . . . (မှန်ပါ့)၊ ဘုရားပွင့်ရင်ကော . . . (ရှိပါတယ်ဘုရား)။

ရှိနေတာပဲ၊ ဓမ္မနိယာမပဲလို့ ဆောင်းပြီးနွေ၊ နွေပြီးမိုးဟာ ဘုရားမပွင့်လည်းရှိတာပဲ . . . (မှန်ပါ့)၊ ဘုရားပွင့်ရင်ကော . . . (ရှိပါတယ်ဘုရား)။

ကောင်းပြီ ဒါက အခုပြောတဲ့အစဉ်က မောင်နိုင် လိုချင်မှုလား၊ မလိုချင်မှုလား . . . (မလိုချင်မှုပါဘုရား)။ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

## သံသရာဆက်တယ်

မလိုချင်မှုကလည်း သံသရာဆက်တာပဲ . . . (ဆက်ပါတယ်)။ ဘာအပြစ်ရှိသတုံးလို့ မမေးကြပါနဲ့နော် . . . (မှန်ပါ့) ပေါ်နေပြီ (မှန်ပါ့)။ ဘာအပြစ်ရှိသတုံး ဘုရားတပည့်တော်တို့

အို မမေးပါနဲ့ မောင်နိုင် မမေးပါနဲ့ သူမေးတာရိပ်မိပါတယ်။ (မှန်ပါ့)။

သူမေးတော့ ဘုန်းကြီးက ဘယ်လိုမျှား သူမေးတာက သူများဟာ ခိုးတာမဟုတ်ဘူး၊ တိုက်တာမဟုတ်ဘူး၊ သူ့ဟာသူ ကောင်းကောင်းပြောပြီး ကောင်းကောင်းရောင်း ကောင်းကောင်း ဝယ်တာပဲ ကိုယ်ပစ္စည်းနဲ့ ကိုယ်ဆိုတော့ ဟုတ်ပါတယ်တဲ့ ဒကာ ဒကာမတို့။

ဒကာ ဒကာမတို့ ပြောတာက သီလလေးမပျက်ဘူး ပြောတာပါ . . . (မှန်ပါ့)။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သီလမပျက်ဘူးပြောတယ်

ဘာမပျက်ဘူးပြောတာတုံး . . . (သီလလေးမပျက်ဘူး ပြောတာပါဘုရား)။ သီလမပျက်ဘူးပြောတာ။ ဘာဝနာက ဖောက်တယ် . . . (မှန်ပါ့)။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သီလကတော့ . . . (မပျက်ပါဘူးဘုရား)။ ဘာဝနာက တော့ . . . (ဖောက်ပါတယ်ဘုရား)။ ဘာဝနာကဖောက်နေ တယ်ဆိုတော့ ဘာဝနာလုံးဝမှမပါဘဲ . . . (မှန်ပါ့)။ ပါသေးရဲ့ လား . . . (မပါလာပါဘူးဘုရား)။

မပါတော့ ဘာအပြစ်ရှိသတုံး မေးတဲ့သူတို့၏ စိတ်ထား

အာဘော်ကော ကိုမြင့်တို့ မောင်နိုင်တို့ ဖြေတတ်ပလား (ဖြေတတ်ပါတယ်ဘုရား)။

ဘယ်လိုဖြေကြမလဲ (သီလမပျက်ပါဘူးဘုရား)။ သီလမပျက်ဘူး . . . (မှန်ပါ့)။ သီလတော့နားလည်တယ် . . . (မှန်ပါ့) ဟုတ်လား ဘာဝနာကို . . . (နားမလည်ပါဘူးဘုရား)။

ဘာဝနာ သူနားမလည်လို့ (မှန်ပါ့)။ ဘာဝနာနားမလည်လို့ ဘာအပြစ်ရှိသတုံး သူမေးချလိုက်တယ် . . . (မှန်ပါ့)။

အဲတော့ သာမညပုဂ္ဂိုလ်နဲ့ဆိုလို့ရှိရင်တော့ ဒီအမေးဟာ မောင်နိုင်တို့အားလုံး ဒကာ ဒကာမတို့ အမေးခံရမှာပဲ . . . (မှန်ပါ့)။

ကျုပ်တို့တော်သေးပါရဲ့နော်၊ အောက်လို ငါးစိမ်သည်တွေလို ဝက်သားသည်၊ အမဲသည်တွေလို ကျုပ်တို့မယ် ကြမ်းကြမ်းတမ်းတမ်းနဲ့ ပြောလဲမရ၊ ဆိုလည်းမရ၊ ဝစီကံကလည်း သိပ်ပြီးမကြမ်းရ၊ မနောကံကလည်း သိပ်ပြီး ဖောက်ရတာ မဟုတ်လို့ တော်သေးရဲ့နော် သူသီလပြောနေတာ . . . (မှန်ပါ့)။

## ဘာဝနာကဖောက်နေတယ်

ဘာပြောနေတာ . . . (သီလပြောနေတာပါဘုရား)။ ဘာဝနာက ဘယ်နှယ်နေတုံး . . . (ဖောက်နေပါတယ်ဘုရား)။

ဘာဝနာက ခုတားမရတော့ဘူး ရှင်းမနေဘူးလား . . . (ရှင်းပါတယ်ဘုရား)။

တဲ ဒါဖြင့် ခင်ဗျားတို့တော်သေးရဲ့လေးဟာလဲ ဩော် တို့ဟာ သာမညနားလည်မှုနဲ့ တော်သေးရဲ့ သုံးနေတာကိုးလို့ ဆိုတာလေးကိုလည်း ယနေ့ ထူးထူးခြားခြားပဲ မှတ်လိုက်ပါ . . . (မှန်ပါ့)။

သီလလောက်နားလည်လို့ ပြောနေတာကိုး . . . (မှန်ပါ့)။ ခိုးလည်းမခိုးဘူး၊ ဝှက်လည်းမဝှက်ဘူး ပါဏာတိပါတာ သူ့အသက်လည်း သတ်တာမဟုတ်ပဲကိုး . . . (မှန်ပါ့)။

သူ့ပစ္စည်းလည်းခိုးတာမဟုတ်ဘူး၊ ကိုယ်ကြိုက်တဲ့ဈေးနဲ့ ကိုယ်ဝယ်ယူတာ . . . (မှန်ပါ့) ဟုတ်လား။

အဲတော့ သီလတော့မပျက်ဘူး ဒကာ ဒကာမတို့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ ဘာဝနာက . . . (ပျက်ပါ တယ်ဘုရား)။ ရှင်းပြီနော် ဒကာ ဒကာမတို့ . . . (တင်ပါ့)။

သီလကတော့ . . . (မပျက်ပါဘူး)။ ဘာဝနာကတော့ . . . (ပျက်ပါတယ်ဘုရား)။ သို့သော်လဲ ဒကာ ဒကာမတို့ သီလသည်ကားလို့ဆိုရင် တစ်နေ့က ဟောခဲ့တယ် သာမည ရှိပါသေးတယ် . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါ တယ်ဘုရား)။

## ဘာဝနာကာမှ လိုရင်း

ဘာဝနာမှ လိုရင်းဆိုက်မယ် မဟုတ်လား . . . (မှန်ပါ့)။ အဲတော့ ခင်ဗျားတို့က သာမညလေးလောက်နားလည်ထားတဲ့ ပုဂ္ဂိုလ်မို့ သာမညနဲ့ ဆင်ခြေလဲလိုက်တယ်ဆိုတဲ့ အဓိပ္ပါယ် သေချာသက်ရောက်တယ် . . . (မှန်ပါ့)။

မသက်ရောက်ဘူးလား . . . (သက်ရောက်ပါတယ် ဘုရား)။ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ မလိုချင်တဲ့ အပြစ်ကလေး ဟာလည်း သံသရာဆက်တယ် . . . (မှန်ပါ့)။ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

မလိုချင်တဲ့ အပြစ်ဟာလည်း (သံသရာဆက်ပါတယ် ဘုရား)။ ဟောဒါက မလိုချင်တာ ဒုက္ခဒေါမနဿပေါ့လေနော် . . . (မှန်ပါ့)။

ဒေါမနဿနောက်ကနေပြီးသကာလ မလိုချင်တာ ပေမဲ့လည်း သောကလေးကဆက်လိုက်သေးတယ် . . . (မှန်ပါ့)။ ဟုတ်ဖူးလား . . . (မှန်ပါ့)။

မလိုချင်ပဲနဲ့ ယူလိုက်ရလို့လည်း သောကဖြစ်တာ ရှိတယ် (မှန်ပါ့)။ မလိုချင်ဘူးလို့ ပြောလိုက်ရလို့လည်း သူ့မှ ကြိုက်မှကြိုက်ရဲ့လားဆိုတဲ့ သောကကော . . . ရှိပါတယ် ဘုရား။

မလာဘူးလား . . . (လာပါတယ်ဘုရား)။

အင်း သောကလာရင် သောကနဲ့ဆိုင်ရာတွေ ပရိဒေဝ ဒုက္ခဒေါမနဿတွေကော . . . (လာပါတယ်ဘုရား)။ လာတယ်တဲ့ ဒုက္ခဒေါမနဿ။

အင်း အပြောများ မှားသွားသလားဆိုတဲ့ အသုံးတွေ မကြိုက်လည်း မတတ်နိုင်ဘူးလေ အစရှိသည်နဲ့ ဒေါမနဿ လည်း ဖြစ်ချင်ဖြစ်လာမှာ . . . (မှန်ပါ့)။

အို အကောင်းပြောတာ မကြိုက်လို့ မကြိုက်ဘူးပြောတာ သူက စိတ်ဆိုး ဘယ်တတ်နိုင်ပါ့မတုံးဆိုတော့ ဒေါသကလည်း နောက်ကလိုက်ချင်လိုက်သွားတာပဲ . . . (မှန်ပါ့)။ မလိုက်ဘူးလား . . . (လိုက်ပါတယ်ဘုရား)။

## အဝိဇ္ဇာကအုပ်ချုပ်တယ်

ဒါဖြင့် သောကပရိဒေဝ ဒုက္ခဒေါမနဿလာတော့ ဒါ အဝိဇ္ဇာအုပ်ချုပ် မအုပ်ချုပ် . . . (အုပ်ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရာပါဘုရား)။ အင်း သင်္ခါရာဆိုတော့ သင်္ခါရပစ္စယာ . . . (ဝိညာဏံ)။ ဩော် . . . တော်ကြာ သင်္ခါရတွေဖြစ်ပြီး ပဟာဒီ ပဋိသန္ဓေဝိညာဏ်လာပါပြီ ဒကာ ဒကာမတို့ အနာဂတ်ဘဝ . . . (မှန်ပါ့)။ မလာသေးဘူး

လား . . . (လာပါတယ်ဘုရား)။

ဩော် ဝိညာဏ်ဖြင့် ဝိညာဏ်ဆိုလို့ရှိရင် ပဋိသန္ဓေ ဝိညာဏ်ဆိုတာ နာမ်ရုပ်ပါပဲ . . . (မှန်ပါ့)။ အဲ နာမ်ရုပ် ရှိရင်ဖြင့် အိုသေကတော့ မလွတ်တော့ဘူး . . . (မှန်ပါ့)။

သံသရာဆက်မဆက် . . . (ဆက်ပါတယ်ဘုရား) မလိုချင်တာလည်း ဆက်တာပဲ . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ဘယ်နှစ်မျိုးနားလည်သွားတုံး . . . (နှစ်မျိုး ပါဘုရား)။ နှစ်မျိုးနားလည်သွားပြီ ဒကာ ဒကာမတို့လိုချင်ခြင်း ကြောင့် သံသရာဆက်တာလည်း နားလည်ပြီးပါပြီ . . . (မှန်ပါ့)။

မလိုချင်လို့ သံသရာဆက်တာကော . . . (နားလည် သွားပါပြီဘုရား)။ ဦးခန့်သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ကောင်းပြီ ဒီနေရာလေးဟာ တော်တော်လေး အရေး ကြီးတဲ့ နေရာပဲလို့ဆိုတာဖြင့် အားလုံး ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့)။

ကိုင်း တစ်ခါဒီကကျောက်ပဲတဲ့၊ ဒီကမျက်လုံး ဒီကမြင်ပြန် ပြီ . . . (မှန်ပါ့) မြင်ပြန်တော့ သူကသူ့လက်ထဲ ပါလာတာ ကိုပဲ စိတ်ထဲကြည့်လိုက်ကတည်းက ဘာမှကို လိုချင်တာ

တစ်ခုမှမပါဘူး . . . (မှန်ပါ့)။

သို့သော်လည်း ကြည့်ပါဦးဆိုလို့ ကြည့်လိုက်တယ် . . . (မှန်ပါ့)။ ကြည့်ပါဦးဆိုလို့ ကြည့်လိုက်တဲ့အခါ လိုချင်မှုလား မလိုချင်မှုလားလို့ မေးတော့၊ ကြည့်ပါဦးဆိုလို့ကြည့်တာပဲတဲ့ လိုချင်မှု၊ မလိုချင်မှုတော့ ပါရဲ့လား . . . (မပါပါဘူးဘုရား)။

ကြည့်ဆိုလို့ ဖွင့်လာကတည်းက လိုချင်တာလည်း မပါဘူး ဟုတ်လား၊ မလိုချင်တာလည်း မပါဘူး၊ အားနာလို့ ကြည့်လိုက်တာ . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါပြီ ဘုရား)။ ဘယ်လို့ကြောင့် ကြည့်လိုက်တုံး . . . (အားနာလို့ ကြည့်လိုက်ပါတယ်ဘုရား)။

အားနာလို့ ကြည့်လိုက်တယ်ဆိုတော့ အားနာလို့ကြည့် လိုက်တဲ့အခါကျတော့ လိုချင်မှု မလိုချင်မှုကင်းတဲ့သဘောလေး မပါဘူးလား . . . (ပါပါတယ်ဘုရား)။ ဒါဥပေက္ခာ . . . (မှန်ပါ့)။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဥပေက္ခာပေါ်လာတယ်

ခုနက လိုချင်မှုလောဘလည်း မဟုတ်ဘူး၊ မလိုချင်မှု ဒေါသလည်းမဟုတ်ဘူး၊ လိုချင်မှု မလိုချင်မှုကင်းတဲ့ သဘောလေး ပေါ်လာတယ် . . . (မှန်ပါ့)၊ ဥပေက္ခာပေါ်တယ် . . . (မှန်ပါ့)၊

သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒီဥပေက္ခာလေးကလည်း ဒကာ ဒကာမတို့ ဥပေက္ခာကို ခင်ဗျားတို့က ပေါ်မှန်းလည်းမသိ၊ ပျက်မှန်းလည်း မသိတော့ ဥပေက္ခာဟာ ပေါ်မှန်း၊ ပျက်မှန်းမသိတဲ့ အဝိဇ္ဇာဖြစ်တယ် . . . (မှန်ပါ့)။

အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရပါဘုရား)။ ဟော သင်္ခါရပစ္စယာ ဝိညာဏ်သွားဖြစ်တယ်။ မဆက်ဘူးလား . . . (ဆက်ပါတယ်ဘုရား)။

အနာဂတ်ဘဝနဲ့ သွားသွားပြီး ဘယ်နှယ့်နေတုံး (ဆက်ပါတယ်ဘုရား)။ ဒါကြောင့် ဘုရားဟောတော်မူတာ၊ ဒါကြောင့် ဘုရားဟောတော်မူတာဆိုတော့ ဒကာ ဒကာမတို့ ရိပ်မိကျပလား . . . (ရိပ်မိ ဘုရား)။

ဒီနေရာလေးဟာ အတော်အရေးကြီးနေတယ် (ကြီးပါတယ်ဘုရား)။ လိုချင်တဲ့နေရာလည်းသူပဲ . . . (မှန်ပါ့)။ မလိုချင်တဲ့နေရာလည်း . . . (သူပါဘုရား)။

အားနာပါးနာကြည့်၊ အားနာပါးနာနဲ့ ဟိုမွှေသည်မွှေ မွှေတာကော သူပါဘုရား . . . (သူပဲ)။ လိုချင်မှုလည်း မပါဘူး၊ မလိုချင်မှုလည်းမပါဘူး၊ အားနာပါးနာနဲ့သာ သူဟာနေလိုက်တော့တာ ဥပေက္ခာဖြစ်တာပဲတဲ့ လိုချင်မှု၊ မလိုချင်မှု ကင်းတဲ့

စိတ်ကလေးနဲ့ သူဟိုဟာတွေလျှောက်ပြီး ကြည့်လိုက်၊ ကြည့်လိုက် ဟိုဟာကိုင်မလို ဒီဟာတွယ်သလိုလို မလုပ်ကြဘူးလား . . . (လုပ်ပါတယ်ဘုရား)။

## ဥပေက္ခာပေါ် မှန်းမသိတာအဝိဇ္ဇာ

အားနာပါးနာနဲ့လေ . . . (မှန်ပါ့) အဲဒါကျတော့ ဘာဆိုကြမယ် . . . (ဥပေက္ခာပါဘုရား) အဲဒါလေးကိုပဲ တစ်ခါခင်ဗျားတို့က ဝိပဿနာ ဉာဏ်လည်းမဝင်ဘူး၊ ဘာလည်း မဝင်ဘူး ဆိုလို့ရှိရင် ဒီဥပေက္ခာလေး ပေါ်တာမသိတော့ အဝိဇ္ဇာလာပြန်တယ် . . . (မှန်ပါ့)။

အဝိဇ္ဇာ ပစ္စယာ . . . (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ (ဝိညာဏ်ပါဘုရား) ဟော ဝိညာဏ်ဆိုတော့ အနာဂတ် ဘဝကူး မကူး . . . (ကူးပါတယ်ဘုရား)။

ဦးခန့် ဘယ်နှစ်မျိုးရှိသွားတုံး . . . (သုံးမျိုးရှိသွားပါပြီဘုရား) အားလုံး နားလည်လောက်ပါပြီနော် . . . (မှန်ပါ့) အားလုံး နားလည်လောက်ပါပြီ ဒကာ ဒကာမတို့။

ဩော် . . . ဒီနေရာလေးဟာက သံသရာ ဆက်ချင်လည်း ဒီနေရာပဲဆိုတာ ဒီနေရာလေးကို တစ်ခါတည်း မှတ်လိုက်တော့ (မှန်ပါ့)။

သံသရာ ပြတ်ချင်ရင်လည်း ဒီနေရာပဲလို့ မှတ်လိုက်တော့ (မှန်ပါ) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

သံသရာဆက်နေတာသည် (ဒီနေရာပါဘုရား) သံသရာပြတ်အောင် လုပ်လို့ရှိရင် . . . (ဒီနေရာပါဘုရား) ဪ . . . ဒီနေရာ အရေးကြီးဆုံးပဲ . . . (မှန်ပါ)။

## တစ်လုံးတည်းနဲ့ နိဗ္ဗာန်ရောက်တဲ့တရား

ဒါကြောင့် ဘုရားကမိအောင် ဟောမယ်တဲ့၊ ငါ ဒီနေ့ ဝိပဿနာ လုပ်တဲ့ ပုဂ္ဂိုလ်များကို သေသေချာချာ ငါသည်ကား လို့ဆိုရင် ယနေ့ တစ်လုံးတည်းနဲ့ နိဗ္ဗာန်ရောက်တဲ့တရား ငါဟောမယ် . . . (မှန်ပါဘုရား)။

ဒီနေရာကနေပြီး သူဟောတော့မှာ . . . (မှန်ပါ)။ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) လေးကနေဟောမယ် . . . (မှန်ပါ) ဦးဘလေး ဘယ်ကနေ ဟောမှာတုံး . . . (လေးကနေဟောမှာပါ ဘုရား)။

လေးက ဘယ်နှယ့်ကြောင့် ဘုရားဟောရပါလိမ့်မတုံး လေးကနေပြီးသကာလ အသေငြိမ်းတဲ့ ငါနိဗ္ဗာန်ပို့မယ်လို့ ပြောပါလိမ့်မတုန်းဆိုတော့ လေးမနိုင်လို့ရှိရင် ဒကာ ဒကာမတို့ သွားပြီ . . . (မှန်ပါ) ဆိုထိုက်ပလား . . . (ဆိုထိုက်ပါပြီဘုရား)။

လေးမနိုင်လို့ရှိရင်ဖြင့် လေးနေရာမှာ ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ အသုံးမချလို့ရှိရင်ဖြင့် ဒါဟာ နိယာမထဲ ဝင်သွားတော့မှာ . . . (မှန်ပါ့)။

မဝင်ပေဘူးလား . . . (ဝင်ပါတယ်ဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်နံပါတ် အရေးကြီးပါလိမ့် . . . (လေးနံပါတ် အရေးကြီးပါတယ်ဘုရား)။ လေးနံပါတ် အရေးကြီး တယ် . . . (မှန်ပါ့)။

လေးနံပါတ်သည် သံသရာစခန်း သတ်ချင်ရင်လည်း လေးနံပါတ်ကိုပြင် . . . (မှန်ပါ့) သံသရာ ဆက်ချင်လို့ရှိရင်လည်း လေးနံပါတ်နေရာက ဆက်သည်လို့ မှတ်ထားလိုက်စမ်းပါ . . . (မှန်ပါ့)။ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

သံသရာဆက်ချင်လည်း . . . (လေးနံပါတ်က ဆက်ပါ တယ်ဘုရား) အင်း . . . သံသရာ ဖြတ်ချင်ရင်လည်း . . . (လေးနံပါတ်ကိုပဲ ဖြတ်ရမှာပါဘုရား)။

## ဒိနေရာအရေးကြီးဆုံး

ဝိပဿနာမှာ ဒီနေရာအရေးကြီးဆိုတာ ဘုရားက ဒီနေ့ သေချာဟောတော့မှာ (မှန်ပါ့) သဘောပါကြပလား . . . (ပါပါ တယ်ဘုရား)။

ဒီတရားကို နာရတာဖြင့် ဒကာ ဒကာမတို့ရဲ့ ဒီနေ့တော့ စိတ်နည်းနည်းတော့ ဆုတ်နစ်ကဲ့စိတ်တော့ ပေါ်ချင်ပေါ်မယ် မောင်နိုင်ရေ . . . (မှန်ပါ့) မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒီလိုဖြင့် ခက်ကြီးပဲ ဒီစိတ်ပေါ်ချင်ပေါ်မယ်၊ ဒီလိုဖြင့် ခက်ကြီးပဲ ခက်တာမှ ခက်ရော့ ဒီလိုဖြစ်နေတာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒီလိုဖြင့် ဘယ်နှယ့်ဆိုကြမလဲ . . . (ဒီလိုဖြစ်နေမှာပါဘုရား) ဒီလိုဖြစ်နေဦးမှာပဲဆိုတာကို သဘောကျပလား . . . (ကျပါတယ်ဘုရား) ဒီလိုဖြင့် အခက်ကြီးပါလားဆိုတာ ဝိပဿနာဉာဏ် အခက်ကြီးလို့ ဒကာ ဒကာမတွေ စိတ်ထဲမှာ ပေါ်လာရင် ဒကာ ဒကာမတို့ အင်မတန် ကျေနပ်ပါတယ် (မှန်ပါ့)။

အခက်ကြီးပေါ်လာရင် ကျေနပ်ပါတယ်လို့ ပြောလိုက်တယ် . . . (မှန်ပါ့) မပြောလိုက်ဘူးလား (ပြောလိုက်ပါတယ်ဘုရား)။

## ဒိနေရာအမှားရှိတဲ့နေရာ

ဩော် . . . ခက်တဲ့နေရာ ဒီနေရာကိုဆိုတော့ ဒီနေရာ အမှားရှိတဲ့နေရာပါလားလို့ ဆိုတော့ ပထမ သူထိုးထွင်းသိသွား

ပြီ . . . (မှန်ပါ့) မသိသေးဘူးလား . . . (သိပါပြီ)။

ဒီနေရာ ဒီအတိုင်းဆိုရင် အခက်ကြီးပါလားဆိုတော့ ဒီလေးနံပါတ်ဟာ မလွယ်ဘူး။ ဩော် . . . သူ လေးနံပါတ်ကို သိလာပြီ တော်ပြီ . . . (မှန်ပါ့) မသိသေးဘူးလား . . . (သိပါပြီ ဘုရား)။

ရှေးက လေးမှန်းလည်း မသိဘူး၊ ငါးမှန်းလည်း မသိဘူး (မှန်ပါ့) ဟုတ်ဘူးလား . . . (မှန်ပါ့) မျက်စိကန်း တစ္ဆေ မကြောက်သွားနေတာကိုး . . . (မှန်ပါ့)။

ခုတော့လည်း လေးက အရေးကြီးတယ်ဆိုတာကော . . . (သိပါပြီဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

အဲတော့ အခက်ကြီး ညည်းလို့ရှိရင် ဘုန်းကြီးဘက်ကို တစ်ဝက်ပါပြီ ဒကာ ဒကာမတို့ (မှန်ပါ့) အခက်ကြီး ညည်းလို့ရှိရင် (ဘုန်းကြီးဘက်ကို တစ်ဝက်ပါပါပြီဘုရား) ဘုရားဘက်ကော (တစ်ဝက်ပါပါပြီဘုရား)။

သိလာပြီကွ . . . (မှန်ပါ့) မောင်နိုင် နဂိုကဖြင့် မျက်စိ ကန်း တစ္ဆေမကြောက် သွားနေတာ ဘာသိတုံး . . . (မသိပါ ဘူးဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်ပါ ဒကာ ဒကာမတို့ နဂိုက သွားလာနေတာဖြင့် မျက်စိကန်း တစ္ဆေ

မကြောက်သွားတယ်ဆိုတာ အသေအချာမှန်တယ် . . . (မှန်ပါ့) မမှန်ဘူးလား . . . (မှန်ပါတယ်ဘုရား)။

ဒီနေရာဟာ သံသရာ ဆက်တဲ့နေရာလို့ သိဖူးပါရဲ့လား . . . (မသိဘူးပါဘူးဘုရား)၊ ဒီနေရာဟာ သံသရာပြတ်အောင် လုပ်ရင် ဒီကဖြတ်ရမယ်လို့ကော . . . (မသိပါဘူး)။

## မျက်စိနှစ်ကွင်း အလင်းရပြီ

ကိုင်းခု ဩော် . . . မျက်စိနှစ်ကွင်းအလင်းရပြီ . . . (မှန်ပါ့) ဒကာ ဒကာမတို့ ဘယ်နှယ့်ဆိုကြမတုံး . . . (မျက်စိနှစ်ကွင်း အလင်းရပါပြီဘုရား)။

မျက်စိနှစ်ကွင်း အလင်းရပြီတဲ့ ဘယ်နှယ့်ကြောင့် အလင်းရတုံး ဩော် . . . ဖြတ်ချင်လည်း ဒီနေရာကနေ ဖြတ်ရုံပဲ (မှန်ပါ့) ဆက်ချင်လည်း (ဒီနေရာကနေ ဆက်ရုံပါဘုရား)။

ဘယ်လောက်မှန်သွားသတုံး . . . (မှန်ပါ့) ပယ်ရမဲ့ တရား သိသွားပြီ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ ဘုရား)။

အင်း ပယ်ရမဲ့တရားလည်း သိသွားပြီ၊ မပယ်ရင်လည်း ဒီအပြစ် ကြီးတယ်ဆိုတာကော . . . (သိပါပြီဘုရား) ကိုင်း ဒကာ ဒကာမတို့ ညည်းတဲ့ပုဂ္ဂိုလ်လာလို့ရှိရင် ဘုန်းကြီးများက သိပ်

ကျေနပ်ပါတယ် . . . (မှန်ပ့ါ) မကျေနပ်ထိုက်ဘူးလား . . . (ကျေနပ်ထိုက်ပါတယ်ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ မျက်လုံးပေါက် တစ်ခုထဲက ခု သုံးမျိုးပြပြီးသကာလ ဟောလိုက်သဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော် . . . သံသရာ ဆက်ချင်လည်း ဒီနေရာ က စဆက်တာကိုး၊ သံသရာဖြတ်ချင်ရင်လည်း ဒီနေရာက ဖြတ် လိုက် အအေးသားပဲ . . . (မှန်ပ့ါ) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ကဲ ဒါက တရားနာရလို့ သမ္မာဒိဋ္ဌိတက်လာတာ . . . (မှန်ပ့ါ) သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိက သိတာ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

သမ္မာ (မှန်ကန်တာပါဘုရား) ဒိဋ္ဌိက . . . (သိတာ ပါဘုရား) အဲ ဒိဋ္ဌိက သိတာ၊ မြင်တာ၊ အမှန်သိတာ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

သမ္မာက . . . (မှန်ကန်တာပါဘုရား) ဒိဋ္ဌိက (သိတာပါ ဘုရား) အဲ ဒိဋ္ဌိက သိတာမြင်တာ အမှန်သိတာ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

ဒိဋ္ဌိက သိတော့ အမှန်သိကလေး ရောက်လာတော့ ပယ်ရမဲ့တရား သိသွားပြီ . . . (မှန်ပ့ါ) ပယ်ရမဲ့တရားလည်း

သိသွားပြီ၊ မပယ်ရင် ခက်မယ်ဆိုတာကော . . . (သိပါတယ် ဘုရား)။

## ဒီအသိ၊ သေးတာမဟုတ်ဘူး

ဒီအသိ သေးတာမဟုတ်ဘူး ဒါ သမ္မာဒိဋ္ဌိဖြစ်သွားတာတဲ့ တရားနာရင်း သမ္မာဒိဋ္ဌိဖြစ်သွားတာ (မှန်ပါ့) ကျောက်ကုန်သည် လုပ်တဲ့အချိန်မှ မဟုတ်ပဲ . . . (မှန်ပါ)။

တရားနာတဲ့အချိန် (မှန်ပါ့) တရားနာတဲ့အချိန်မှာ ဒီတရားဟာ ဒီတရားက ဒီနေရာက ပယ်ရမှာပဲလို့ သိသွားပြီ (မှန်ပါ့)။

အဲလို တရားနာတဲ့ ပုဂ္ဂိုလ် ဘာဒိဋ္ဌိဖြစ်သွားတုံး . . . (သမ္မာဒိဋ္ဌိဖြစ်သွားပါတယ်ဘုရား) သမ္မာဒိဋ္ဌိဖြစ်သွားတယ် သဘောကျပလား . . . (ကျပါတယ်ဘုရား) တရားနာတဲ့ ပုဂ္ဂိုလ် သမာဒိဋ္ဌိဖြစ်သွားပြီ။

ဒီအယူက ဒီလိုရှိသကိုးလို့ သိသွားတာလည်း၊ ဒီတရားကို မပယ်လို့ရှိရင်လည်း သံသရာ ဆက်သကိုးလို့ သိတာလည်း သမ္မာဒိဋ္ဌိ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

သံသရာဆက်တယ်လို့ သိတာလည်း . . . (သမ္မာဒိဋ္ဌိ

ပါ ဘုရား)၊ ဆက်လည်း ဆက်တာကို အမှန်သိလို့ သမ္မာဒိဋ္ဌိ. . . (မှန်ပါ့)။

သံသရာ ဒီနေရာက ဒီတရားကို တစ်နည်းနည်းနဲ့ ဆရာဘုန်းကြီးပေးတဲ့နည်းနဲ့ အလုပ်လုပ်လိုက်ရလို့ရှိရင်လည်း ပြတ်မှာပဲလို့ သိတာကော ဘာဒိဋ္ဌိဆိုကြမယ် . . . (သမ္မာဒိဋ္ဌိပါဘုရား)။

ကိုင်း . . . ဒီအချိန်တင် ခင်ဗျားတို့ ဘယ်လောက်အဖိုးတန်သွားတုံး . . . (တန်ပါတယ်ဘုရား) သမ္မာဒိဋ္ဌိ ဒကာဒကာမတို့ သာသနာပမှာ ဒီသမ္မာ ဒိဋ္ဌိလာကို မလာဘူး . . . (မှန်ပါ့)။

လာပါ့မလား . . . (မလာပါဘူးဘုရား) ပယ်ဖို့ရာ သိတဲ့သမ္မာဒိဋ္ဌိကော . . . (မလာပါဘူးဘုရား) မလာပါဘူး၊ ဖြစ်နေတယ်လို့သိတဲ့ သမ္မာဒိဋ္ဌိကော . . . (မလာပါဘူးဘုရား) ကိုင်း ဘယ်လောက်အဖိုးတန်သွားတုံး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပယ်ရမဲ့တရား ပယ်ရမဲ့တရားရယ်လို့ သိတာလည်း သမ္မာဒိဋ္ဌိမဂ္ဂင်ကွတဲ့ တရားနာတဲ့ ပုဂ္ဂိုလ်မှာ . . . (မှန်ပါ့) ဟုတ်လား . . .

မပယ်လို့ရှိရင်လည်း အပြစ်ရှိတယ်လို့ သိတာကော (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိ မဂ္ဂင်ကွ . . . (မှန်ပါ့)။

ကိုင်း ဒကာ ဒကာမတို့ သန္တာန်မှာ ခု တရားနာရင်း ဘာ ဒိဋ္ဌိဖြစ်နေတုံး . . . (သမ္မာဒိဋ္ဌိဖြစ်နေပါတယ်ဘုရား)။ သမ္မာဒိဋ္ဌိ ဖြစ်တော့ သမ္မာသင်္ကပ္ပက ပါလာတယ် . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

## ညည်းတဲ့ပုဂ္ဂိုလ် သမ္မာဒိဋ္ဌိဖြစ်ပြီ

ကိုင်း . . . အဲဒီကဲ့သို့ ဖြစ်ပြီးသကာလသွားတော့ ဩော် . . . တရားနာရတာတို့ နာရီဝက်ရှိသေးတယ်၊ တို့မှာဖြင့် မဂ်သမ္မာဒိဋ္ဌိတော့ ဖြစ်နေပါပေါ့လားလို့ဆိုတာ ညည်းတဲ့ပုဂ္ဂိုလ် လည်း သမ္မာဒိဋ္ဌိဖြစ်တယ် . . . (မှန်ပါ့)။

ဟော . . . ဒါ ပယ်မှပဲလို့ စိတ်ကူးပေါက်တဲ့ ပုဂ္ဂိုလ် လည်း (သမ္မာဒိဋ္ဌိဖြစ်ပါတယ်ဘုရား) ဒီလိုဆိုလို့ရှိရင် အခက်ကြီး ပါလားလို့ ညည်းတဲ့ပုဂ္ဂိုလ်ကော . . . (သမ္မာဒိဋ္ဌိပါဘုရား)။

သမ္မာဒိဋ္ဌိပါလို့ညည်းတာ . . . (မှန်ပါ့) ရွာထဲမှာ လုပ်နေ ကြ၊ မြို့ထဲမှာလုပ်နေကြ၊ ညည်းလုံးများ ပါရဲ့လားလို့ မေးကြည့် (မပါပါဘူးဘုရား)။

ဘယ်သမ္မာဒိဋ္ဌိကို လုံးဝမပါဘူး . . . (မှန်ပါ့) ပါသေး ရဲ့လား . . . (မပါပါဘူးဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အပြစ် သိတာလည်း . . .

(သမ္မာဒိဋ္ဌိ) အပြစ် ပယ်မယ်လို့ စိတ်ကူးရှိတာလည်း . . . (သမ္မာဒိဋ္ဌိပါဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ဘယ်လောက် အဖိုးတန်တုံး (တန်ပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိ ဝင်လာတာကို မိစ္ဆာဒိဋ္ဌိလို့သိရင်လည်း သမ္မာဒိဋ္ဌိပဲ . . . (မှန်ပါ့)။

ကိုယ့် သန္တာန်ရှိတဲ့ မိစ္ဆာဒိဋ္ဌိကို၊ ဟော .. ဒီဥစ္စာဖြင့် ဒီလို သမ္မာဒိဋ္ဌိဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ မဂ်ဆိုက်တာပဲ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီလို သမ္မာဒိဋ္ဌိပေါ်တဲ့ ပုဂ္ဂိုလ်တွေဟာ . . . (မဂ်ဆိုက်တာပါဘုရား)။ မဂ်ဆိုက်တာပဲဆိုတာကော ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ·ဒကာမတို့ ဒီနေရာမှာ လမ်းခွဲဆိုတာတော့ ကိုမြင့်တို့ မောင်နိုင်တို့က ရှင်းပါပြီ . . . (ရှင်းပါပြီဘုရား) မရှင်းသေးဘူးလား . . . (ရှင်းပါပြီ)။

သံသရာခရီးသည် ဖြစ်တာလည်း ဒီနေရာကနေ ခရီးသည် ဖြစ်ရတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။ သံသရာ လမ်းဆုံးပြန်လို့ရှိရင်လည်း . . . (ဒီနေရာက ဆုံးပါတယ်ဘုရား)။

ဒီနေရာလေးကို ပယ်နိုင်လို့ရှိရင် ဒါ လမ်းဆုံးတာပဲ

ဆိုတာကော ကောင်းကောင်း ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

## သံသရာကြီးကို ကြောက်ရုံနဲ့မပြီးဘူး

ဒါဖြင့် ဒကာ ဒကာမတို့ အင်မတန် ဘုန်းရှိ ကံရှိတဲ့ ဒကာ ဒကာမတွေမို့ ထူးထူးခြားခြားပဲ ပြော် . . . သံသရာကြီးကဖြင့် ကြောက်လှချည့်ရဲ့ ဆိုရုံနဲ့မပြီးဘူး . . . (မှန်ပါ့)။

သံသရာကြီးကို နောက် အိုဘေး၊ နာဘေး၊ သေဘေးတွေဟာ တပည့်တော်တို့ ပစ္စည်းတွေလို့ အရှင်ဘုရားက ဟောထားတယ်၊ ဘုရားကဟောထားတယ်။ တပည့်တော်တို့ဖြင့် ကြောက်လှချည့်ရဲ့ဆို ကြောက်ရုံ ကြောက်နေလို့မရပါဘူး၊ ဒကာ ဒကာမတွေ ဒီနား အဆိပ်ပင်ပေါက်တာကို ကြောက်လှချည်ရဲ့ ဆိုပေမယ့်လည်း၊ ကြောက်ရုံလေးနဲ့ ဆိုလို့ရှိရင် အဆိပ်ပင်က သီးချိန်သီး၊ ပွင့်ချိန်ပွင့် ကိုယ့်အနံ့တွေမိပြီး သေဦးမှာပဲ (မှန်ပါ့)။

မသေပေဘူးလား . . . (သေမှာပါဘုရား) အဲဒီတော့ ဒီအဆိပ်ပင်၏ အမြစ်ကို ယနေ့သိရမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကြောက်လှချည်ရဲ့ ဆိုတာက အဆိပ်ပင်သိတာ . . . (မှန်ပါ့) အဆိပ်ပင်သိတာကတော့ ဒကာ ဒကာမတွေ ဒီလောက်

ကျေးဇူးမများဘူး၊ အဆိပ်ပင်၏ ရေသောက်မြစ် သိရတာက ပိုကျေးဇူးများတယ် . . . (မှန်ပါ့) မများဘူးလား (များပါတယ်ဘုရား)။

ခု ဘာသိရတုံး လေးနံပါတ်သိရတယ် . . . (မှန်ပါ့) လေးနံပါတ်ဟာ ဒုက္ခပင်၏ ရေသောက်မြစ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

## ဒုက္ခပင်၏ရေသောက်မြစ်

အိုဘေး၊ နာဘေး၊ ဒုက္ခဘေးတွေကို အမျိုးမျိုးပေးတဲ့ ရေသောက်မြစ် . . . (မှန်ပါ့)။ သောက၊ ပရိဒေဝ ဒုက္ခ ဒေါမနဿ အစုံပေးနိုင်တဲ့ . . . (ရေသောက်မြစ်ပါဘုရား)။

ရေသောက်မြစ်၊ အပါယ်လေးပါးကို ရောက်အောင် ပို့နိုင်တဲ့ (ရေသောက်မြစ်ပါဘုရား) ဒါဖြင့် လေးနံပါတ်ဟာ ဘယ်လောက်အရေးကြီးတုံး . . . (ကြီးပါတယ်ဘုရား)။

စကားတတ်လို့ ပြောနေတာလား၊ ဖြစ်စဉ်ကိုက်ပြောနေ တာလားဆိုတာ သတိထားပြီး နားထောင်ပါ၊ ဘုန်းကြီးက လျှာ ရှည်တယ်လို့ အောက်မေ့မနေနဲ့ ခင်ဗျားတို့က . . . (မှန်ပါ့) အရေးကြီးပါတယ် . . . (ကြီးပါတယ်ဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

မပေါ် ပေါ်အောင်လည်း ပြောရတဲ့အတွက်တဲ့ ဒကာ ဒကာမတွေ . . .။

ကိုင်း ဒါနေရာကျပြီတဲ့ သံသရာဖြတ်ချင်လည်း ဒီနေရာ သံသရာဆက်ချင်လည်း ဒီနေရာ ပေါ်ကြပြီနော် . . . (ပေါ်ပါပြီဘုရား)။

အဲတော့ ဝတ္ထု ထုတ်ကြစို့ဆိုတော့ ကိုမြင့်တို့ မောင်နိုင်တို့နော် . . . (မှန်ပါ့)။

ကြွာတဲ့ . . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဂဇက်လမြို့မှာ ဝါးတောကြီး ဒီ ဂဇက်လမြို့ကလည်း ရှိတယ်။ ဘုရားလက်ထက်က ဂဇက်လမြို့လည်းရှိတယ်၊ အဲဒီ ဂဇက်လမြို့ကလည်း ဘယ်လို ဒီမြို့မှာ ခြံရံထားတုန်းဆိုတော့၊ ရွှေရောင်ဝါးတွေ မောင်နိုင်တို့ အောက်ဆီမှာမြင်ဖူးမှာပေါ့ . . . (မှန်ပါ့)။

အဲဒီဝါးတွေကို သူတို့က မြို့ရိုးလုပ်ထားတယ် . . . (မှန်ပါ့) ဒီအပင်တွေ အကုန်စိုက်ထားပြီးတော့ မြို့ရိုးလုပ်ထားတယ်။

အဲဒီမှာ သီတင်းသုံးပြီးသကာလ ဂဇက်လမြို့ ရွှေရောင်ဝါးတွေနဲ့ မြို့ရိုးခတ်ပြီးသကာလ နေတဲ့မြို့ကြီးမှာ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အားလုံးသော ရှင်အာနန္ဒာလည်းပါတယ်

နောက်တော်ပါ ရှင်အာနန္ဒာနဲ့တကွ ဘုရားကြွလာတယ်ဆိုတော့ အားလုံးသော ပုဂ္ဂိုလ်တွေ တရားနာပြီးသကာလ နေကြတယ်။

## ဥတ္တရလုလင်

တရားနာတဲ့အထဲမှာ ဒီခုပြောတဲ့ ဝတ္ထု၊ ဝိပဿနာ အကျဉ်းချုပ်ကို ဟောချင်တော့၊ ဘယ်သူက ပါလာတုန်းဆိုတော့ အရင်တုန်းကလည်း ဟောဘူးပါတယ်။ ဒကာ ဒကာမတို့ ပါရာ သိဝိယ ဆရာကြီး၏ တပည့် ဥတ္တရလုလင်က ပါလာတယ် (မှန်ပ့ါ)။

ဒီတရားပွဲထဲမှာ ပါရာသိဝိယ တက္ကသိုလ် ဆရာကြီး၏ တပည့် ဥတ္တရလုလင်က ပါလာတယ် . . . (မှန်ပ့ါ) ဒါနဲ့ ဘုရား သခင်ကိုယ်တော်မြတ်ကြီး၊ ဒီတရားပွဲထဲမှာ ဥတ္တရ လုလင်က ပါလာတာနဲ့၊ ဥတ္တရလုလင် မင်းဆရာကြီးကလည်း ခု ဝိပဿနာ ဆရာကြီး၊ တက္ကသိုလ် ဆရာကြီးရယ်လို့ အင်မတန်လည်း နာမည် ကြီးပါတယ်ကွာ။

အဲဒီ ပါရာသိဝိယ ဆရာကြီးက ဣန္ဒြေလုံအောင်၊ မျက်လုံးတို့ ဘာတို့ လုံအောင် မျက်လုံးပေါက်ကနေပြီး အပါယ် မသွားရအောင်၊ နားပေါက်ကနေပြီး အပါယ်မသွားရအောင်၊

ခုဟာက မျက်လုံးပေါက်ကနေပြီး ဒီသွားတာတွေ မတွေ့ဘူး လား . . . (တွေ့ပါတယ်ဘုရား)။ သံသရာသွားတာတွေနော် . . . (မှန်ပါ့)။

မျက်လုံးပေါက်ကနေပြီး သံသရာ မလည်ရအောင်၊ နား ပေါက်ကနေပြီး သံသရာမလည်ရအောင်၊ ဘယ်လိုများ မင်းတို့ ဆရာကြီးဟာ တပည့်သားမြေးတွေကလည်း များပါဘိနဲ့။

## သံသရာမလည်အောင် မျက်လုံးပိတ်ထားတဲ့

အဲဒီ တပည့်သားမြေးတွေကို ဘယ်လိုဟောလေ့ ပြော လေ့ရှိသတုန်းကွ ဥတ္တရလုလင်ရ ငါ့လျှောက်စမ်းပါဦး ဘုရားက ဟောချင်လို့ စလိုက်တာ . . . (မှန်ပါ့)။

ဘုရားတဲ့၊ တပည့်တော် ဆရာကြီးကလည်း ဒီလို ဟော ပါတယ်၊ မျက်လုံးရှိ ပိတ်ထားကွ၊ ဘယ်နည်းနဲ့မှ သံသရာမလည် ဘူး . . . (မှန်ပါ့) သူက မျက်လုံး ပိတ်ခိုင်းပြီး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

နား ရှိရက်နဲ့ နားပိတ်ထားကွ သံသရာမလည်ဘူး ဒီလို ဟောပါတယ်ဘုရား ဩော် . . . ဘုရားသခင် ကိုယ်တော်မြတ် ကြီးက အံ့အားသင့်တယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အံ့အားသင့်တယ်။

## လူပြိန်းကြိုက်တရား

ဒါ-ဣန္ဒြေ လုံတာပဲတဲ့ စက္ခုန္ဒြေလုံတယ် ပြောတာပေါ့လေ (မှန်ပါ့) သောတိန္ဒြေ ဘက်ကနေပြီး သံသရာ မဆက်ဘူး မျက်လုံးပေါက်ကလည်း သံသရာမဆက်ဘူး၊ နားပေါက်ကလည်း သံသရာမဆက်ဘူးလို့ သူက လူပြိန်းကြိုက်တရား ဖြစ်နေတယ် . . . (မှန်ပါ့)။

ဘယ်သူကျလောက်တဲ့တရားပါလိမ့် . . . (လူပြိန်းကြိုက် တရားပါဘုရား) လူပြိန်းကျတော့ မမြင်လို့ သူဘာမှ မဖြစ်ဘူး . . . (မှန်ပါ့) မကြားလို့ ကျုပ်ဘာမှ မဖြစ်ဘူး။

ဒီလို ယူပစ်လိုက်တယ် . . . (မှန်ပါ့) ဟုတ်သလိုလိုတော့ မထင်ရဘူးလား . . . (ထင်ရပါတယ်ဘုရား) ဘယ်ဟုတ်မလဲ တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ဒါဖြင့်ကွာတဲ့ ဥတ္တရ လုလင်မင်းစောဒက တက်တယ်လို့လည်း မအောက်မေ့နဲ့ မင်းဆရာ ပါရာသီဝိယ ဆရာကြီးပြောတဲ့ တရားကဖြင့် ဝမ်းထဲက ကန်းလာတဲ့ ပုဂ္ဂိုလ်လည်း သံသရာခရီး ဆုံးပေါ့လို့ ဒီအဓိပ္ပါယ် ရတယ် . . . (မှန်ပါ့)။

မပြောထိုက်ဖူးလား . . . (ပြောထိုက်ပါတယ်ဘုရား) ဝမ်းထဲက နားပင်းလာတဲ့ ပုဂ္ဂိုလ်လဲ သံသရာလည်မှု မရှိတော့

ဘူး၊ ဘာကြောင့်တုံး မျက်လုံးပေါက်ကလုံ၊ နားပေါက်ကလုံပြီး သကာလနေတဲ့အတွက်၊ ဒီပုဂ္ဂိုလ်တွေဟာ သံသရာလည်စရာ မရှိတော့ဘူး မြင်လည်မမြင်၊ ကြားလည်းမကြားဖြစ်ပြီးသကာလ မနေလား . . . (နေပါတယ်ဘုရား)။

နို့ အဲဒီပုဂ္ဂိုလ်တွေက သံသရာ စခန်းသတ်ပြီးသကာလ နိဗ္ဗာန်ရောက်ဖို့ပဲ ရှိတော့တာပဲလို့ ဘုရားကထိုးပြီး စကားပြော လိုက်တယ် . . . (မှန်ပါ)၊ ပြောသင့် မပြောသင့် . . . (ပြော သင့်ပါတယ်ဘုရား)။

အဲဒီမယ် ဥတ္တရလုလင်က တစ်ခါတည်း ဩော် သူလည်း ဒါသဘောကျတာပဲ . . . (မှန်ပါ) မျက်လုံးရှိ ပိတ်ထား ဘယ်နည်း နဲ့မှ သံသရာဆက်တဲ့ တဏှာ ဥပါဒါန် ကံ မလာဘူးပေါ့ကွာ . . . (မှန်ပါ)။

နားရှိပိတ်ထား တဏှာ၊ ဥပါဒါန် ကံမလာဘူး ဆိုတော့ ဘုရားပေးလိုက်တဲ့ ဥပမာနဲ့ဆိုတော့ ကန့်လန့်ကြီး မနေဘူး လား. . . (နေပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဖြစ်နေတော့၊ ဩော် . . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတွေးတယ်၊ ဒီပါရာသိဝိယ တက္ကသိုလ် ဆရာကြီး၏ ဉာဏ်စွမ်းသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် လူပြိန်းတော့

ဖြင့် အတော်ကြိုက်မှာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

လူပြိန်းတော့ (အတော်ကြိုက်မှာပါဘုရား) လူပြိန်းကြိုက်တရားကြီးပါလား . . . ဟုတ်သလိုလိုကော မထင်ရဘူးလား . . . (ထင်ရပါတယ်ဘုရား) ထင်ရပါတယ်တဲ့။

ခု . . . တချို့ ဒကာ ဒကာမတွေမှာလည်း ဒါ နားမလည်လို့ရှိရင်ဖြင့် ဒီဥစ္စာ ကြိုက်ချင် ကြိုက်သွားမယ် . . . (မှန်ပါ့)။ ဟော့ မျက်စိကွယ်ရာ နားကွယ်ရာ ကောင်းတယ်ဟော့ အံမာလာပကောဗျ . . . (မှန်ပါ့)။

သားနဲ့ သမီးနဲ့ ဆွေနဲ့မျိုးနဲ့ဟာ အဲဒါ သူတို့နဲ့ နေရရင်တရားအားမထုတ်နဲ့ဖြစ်ဘူး၊ မျက်စိကွယ်ရာ နားကွယ်ရာ သိပ်ကောင်းတယ် မပြောကြဘူးလား . . . (ပြောပါတယ်ဘုရား)။

အင်း . . . ပါရာသိဝိယ ဆရာကြီးရဲ့ တပည့်တွေဖြစ်ကုန်ဦးမယ်နော် . . . (မှန်ပါ့) သုံးကော မသုံးကြဘူးလား (သုံးကြပါတယ်ဘုရား)။

## မျက်စိကွယ်ရာ နားကွယ်ရာ

အင်း မျက်စိကွယ် နားကွယ် ဟိုး နေကြစမ်းပါတော့

သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေ အကုသိုလ်ဖြစ်လွန်းလို့ နင်တို့နဲ့ နေရတာ မျက်စိကွယ်ရာ နားကွယ်ရာဆို ဘာမှ ဖြစ်စရာ မရှိဘူး၊ နင်တို့ဟာနင်တို့ ကျွမ်းထိုးနေနေ၊ ဘာဖြစ်နေနေတို့ အေးတာပဲ၊ ဘယ်အေးမလဲကွ . . . (မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား)။

မျက်စိကွယ် နားကွယ်ရာဆိုတော့၊ ဒကာ ဒကာမ တွေက နှင်ချင်နှင်နေတာပေါ့လေနော် (မှန်ပါ့) မဟုတ်ပါဘူးတဲ့ ဒကာ ဒကာမတို့၊ မျက်စိကွယ်ရာ နားကွယ်ရာသာဆိုတာကိုး ဆိတ်ကွယ်ရာသွားနေ၊ ဆိတ်ကွယ်ရာမှာ သွားနေလိုက်တယ်၊ တွေးလုံးတွေထုတ်ပြီး နေတာတွေကျတော့ ဘယ်နှယ်လုပ်မတုံး (မှန်ပါ့) ဟုတ်ဘူးလား . . . (မှန်ပါ့)။

## မနောဒွါရ

နေမှကောင်းကြရဲ့လား . . . စီးပွားမှ ဘယ်လိုများ နေရှာကြတုံး၊ ဥတုရာသီက ဆိုးပါဘိတော့နဲ့ ဟို . . . တောက နေတာ သူပြောမှ မဟုတ်ပဲ . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိ ပါတယ်ဘုရား)။

အဲဒါလွတ်ရာသွားနေကြ ဆိုပေမဲ့လို့၊ လွတ်ရာသိနိုင်တဲ့

မနေ့ဒွါရက ရှိသေးတယ် . . . (မှန်ပါ့) မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲတော့ ဒကာ ဒကာမတို့ တချို့ကျတော့လည်း ဆင်ခြေက လဲလာတယ်။ မျက်စိကွယ်၊ နားကွယ်ဆိုလို့ရှိရင် မကောင်းဘူး၊ မျက်စိအောက်၊ နားအောက်မှာ ကောင်းလည်း အတူ ဆိုးအတူပဲကြုံက်တယ်၊ လာပြန်တာပဲသူက . . . (မှန်ပါ့) မလာဘူးလား . . . (လာပါတယ်ဘုရား)။

ခင်ဗျားတို့ဟာလည်း ဘယ်လိုမှပြင်လို့ကိုမရဘူး . . . (မှန်ပါ့) တစ်ခါတလေလည်း လွတ်ရာကျွတ်ရာ သွားနေစမ်းပါ အေးပါတယ်လို့ ပြောဆိုလည်း သုံးတယ် . . . (မှန်ပါ့) တစ်ခါ တစ်လေကျတော့လည်း မျက်စိကွယ်ရာ နားကွယ်ရာ၊ စိတ်မချ ပါဘူး။ လက်မချပါဘူး လာချင်လာနေတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘယ်ဟာ အသုံးချရမှာတုံး၊ ဒါဖြင့် မောင်နိုင် ဘယ်ဟာ အသုံးချရမှာတုံး၊ ဘယ်ဟာမှ အချိုးကို ကျရဲ့လား . . . (မကျ ပါဘူးဘုရား)။

ဝေးပြန်ဝေးလို့၊ နီးပြန် (နီးလို့ပါဘုရား) နီးလို့တဲ့ ဒါဖြင့် အဝေးအနီး မှတစ်ပါး၊ ဒီပြင်ဟာ ဘာရှိသေးသတုံး . . . (မရှိ

ပါဘုရား)။

ဘာမှမရှိတာကြီးကိုပင်လျှင် ခင်ဗျားတို့ကလည်း စကား အိမ်ဖွဲ့ပြီးသကာလ အမျိုးမျိုးပြောနေကြတော့ မလွဲဘူးလား . . . (လွဲပါတယ်ဘုရား)။

## အဲဒီတရားမျိုးဟာ လုံးဝမမှန်တဲ့တရား

ဒါ စဉ်းစားမိကြလား . . . (စဉ်းစားမိပါတယ်ဘုရား)၊ အဲဒီတော့ ဘုရားက အဲ့ဒီတရားမျိုးဟာ လုံးဝမမှန်တဲ့ တရားလို့ ဆုံးဖြတ်ချက်ချလိုက်တယ် . . . (မှန်ပါ့) မျက်စိကွယ်ရာ နား ကွယ်ရာ တရားကတော့ လုံးဝမမှန်တဲ့တရား . . . (မှန်ပါ့) ဆိုတော့ ခု ပယ်ချလိုက်တာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဟော့ ဉတ္တရလုလင်၊ မင်း ပါရာသိဝိယ တက္ကသိုလ်ဆရာ ကြီး ဟောတာက မျက်စိပိတ်ထား နားပိတ်ထား၊ ဒါဆိုလို့ရှိရင် ဖြင့် သံသရာဆက်တဲ့ တဏှာ ဉပါဒါန် ကံတွေ မလာတော့ဘူး။

ဒီလိုဟောလိုက်တော့ ဒါဖြင့်ကွာတဲ့၊ ဘုရားက ဝမ်းထဲက မျက်လုံး ကန်းလာတဲ့ပုဂ္ဂိုလ်၊ ဝမ်းထဲက နားကန်းလာတဲ့ပုဂ္ဂိုလ် တွေ၊ အင်းသံသရာ တစ်ခါတည်း စခန်းသတ်မယ်လို့ မွေးဖွား လာတယ်လို့ မင်းဆိုမလား၊ မပြောထိုက်ဘူးလား . . . (ပြော ထိုက်ပါကယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီလို ပြောလိုက်တော့မှ ပါရာသိဝိယဆရာကြီးရဲ့ တပည့် ဥတ္တရလုလင်က ဩော် . . . တို့ ဆရာကြီးဟောတာ အလွဲပါလား၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘယ့်နှယ်တုံး . . . (အလွဲပါဘုရား) လွဲကုန်ပြီတဲ့၊ မျက်လုံးရှိ ပိတ်ထားရမယ်တဲ့၊ နားရှိလည်း ပိတ်ထား မကြားရရင် ဘာမှမဖြစ်ဘူး၊ မကြားရတွေးလုံးက ရှိနေသေးတာကို (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့ မမြင်မကြားရတာနဲ့ တွေးလုံးနဲ့ ဒကာ ဒကာမတွေ အမေမိဘက လုပ်ဘူးတဲ့ ပုဂ္ဂိုလ်ချည့်ပဲ၊ သားနဲ့ သမီးနဲ့နေကြတဲ့ပုဂ္ဂိုလ် ဆွေနဲ့မျိုးနဲ့ မမြင်ရ မကွယ်ရတာ ပူရတာနဲ့ ရှေ့တင်မျက်မှောက်ပူရတာနဲ့ ခင်ဗျားတို့ ဘယ်ဟာ ကြိုက် သတုံး။

တိုးတိုးပြောကြပါ၊ တိုးတိုးပြောကြပါ . . . (ဘာမှ မကြိုက်ပါဘုရား)။ ဘာမှမကြိုက်ဘူး . . . ဒီလိုတော့ မပြော နဲ့လေ ခင်ဗျားတို့ ခုလောက မျက်လုံးနဲ့သာ ပြောလို့ရှိရင်ဖြင့် မျက်စိကွယ်ရာ၊ နားကွယ်ရာ ဆိုတာ ဒီအနာလေးက အနာကြီး ဖြစ်ပြီး တွေးတော့ ခေါင်တွေးတတ်တယ် . . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

## မျက်စိအောက် နားအောက်

အနာကြီးက အနာလေးဖြစ်ပြီး ခေါင်တွေးတတ်တယ် (မှန်ပါ့) ခုတော့ ခေါင်မတွေးရဘူး ဒကာ ဒကာမတို့ ကိုယ့်မျက်စိအောက်ပဲ သေအတူ၊ ရှင်အတူ ကောင်းထင်ပါရဲ့ ဟော . . . လာပြီ . . . (မှန်ပါ့) မလာဘူးလား . . . (လာပါတယ်ဘုရား)။

လာပါတယ်တဲ့၊ ဒါအနိုးကြိုက်သက်သက် သေသေချာချာက (မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား) အင်မတန် ဆိုးလှတဲ့သား ဆိုးလွန်းတလွန်းလို့ ဖဲတွေ့ရိုက် အမျိုးမျိုး အဖုံဖုံ ပြေးနေတာတောင်မှ ဟော့ ဘာသံများ ကြား သေးတုံး လှမ်းမေးချင်မေးတာ . . . (မှန်ပါ့)။

ကိုယ့်အိမ်ကနေပြီးတော့ ဘာသံများကြားသေးတုံး မေးဘူးလား . . . (မေးပါတယ်ဘုရား) မေးတယ်တဲ့ အမေမိဘ ဆိုတာ တောင်းစုပ်၊ ပလုံးစုပ်လည်း မဟုတ်တော့ မပစ်နိုင်ဘူး (မှန်ပါ့)။

သူ့ဆင်ခြေနဲ့ သူလာတာပဲ . . . (မှန်ပါ့) မလာဘူး လား. . . (လာပါတယ်ဘုရား) သဘောပါပလား . . . (ပါပါ ပြီဘုရား)။

အဲဒီ အနိုးကြိုက်ဆိုတာ မသေချာဘူးလား . . .

(သေချာပါတယ်ဘုရား) ဒါကြောင့်ပေါ့ဗျာ အိမ်မှာ ဥပမာ တစ်ယောက် တစ်ယောက် ခွဲကြ၊ ပြုကြတဲ့ အခါကျလို့ရှိရင် ဘယ်သူ စိတ်ကောင်းတုံး မေးရင် ဘယ်နှယ်ပြောကြတုံး ခွဲတဲ့ သူကော စိတ်ကောင်းရဲ့လား . . . (မကောင်းပါဘူးဘုရား)။

ကျန်ရစ်တဲ့သူကကော . . . (မကောင်းပါဘူးဘုရား)၊ ဟာ . . . နဂိုက အဝေးကြိုက်လား၊ အနီးကြိုက်လား . . . (အနီးကြိုက်ပါဘုရား) သေချာပလား . . . (သေချာပါပြီဘုရား) သေချာပါပြီ ဒကာ ဒကာမတွေရ။

အဲဒီကဲ့သို့ လောကီမှာလည်း ခင်ဗျားတို့ ရှင်းလောက်ပါပြီတဲ့၊ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနေရာမှာ တရားဟောဖို့ကို မောင်နိုင် အခွင့်ရောက်လာပြီ . . . (မှန်ပါ့)။

ဒီ ပါရာသိဝိယ ဆရာကြီးကလည်း ဘုန်းကံပါရမီနဲ့ တပည့်သားမြေးတွေနဲ့၊ ဤကဲ့သို့ ကြီးကျယ်နေတဲ့ ပုဂ္ဂိုလ်ကြီးက၊ ဒီတရားတွေ အလွဲတွေ ဟောနေတယ်ဆိုလို့ရှိရင်ဖြင့်၊ အားလုံးသော ပုဂ္ဂိုလ်တွေဖြင့် အကုန်ဒုက္ခ ရောက်ချည်ရဲ့ . . . (မှန်ပါ့) ဘုရားဉာဏ်နဲ့ သွားမြင်တယ် . . . (မှန်ပါ့)။

မျက်လုံးပိတ်ထား နားပိတ်ထားဆိုတာ သူ့ဟာရာဇာ ဒါကိုးဗျ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။ ကဲ

ညီတော် အာနန္ဒာ အနားရှိတော့၊ အရှင်ဘုရားတဲ့ ဘုရားအလို မကျတာသိတော့၊ အရှင်ဘုရား ဟောဖို့ အချိန်ရောက်ပါပြီ၊ အရှင်ဘုရားပဲ ဆုံးမသွန်သင်ဖို့ အချိန်ရောက်ပါပြီ ဒီတရား အရှင်ဘုရားဆက်ဟောပါ . . . (မှန်ပါ့)။

## သံသရာပြတ်တဲ့တရားဟောမယ်

ကဲ ဒါဖြင့် အားလုံးသော သံဃာတွေကော လူတွေကောကွာ အကြောင်းကြားလိုက်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သံသရာ မဆက်တဲ့တရားကို ဝိပဿနာ အကျဉ်းချုပ်နဲ့ သံသရာပြတ်တဲ့အတိုင်း ဟောလိမ့်မယ်ဆိုတာ မင်းကြော်ငြာပေးလိုက်၊ အားလုံး သံဃာတွေ အမိန့်ရှိလိုက် ကျောက်စည်ခေါင်းလောင်းထိုးလိုက်ဆိုမှ သံဃာတွေကော လူတွေကော အကုန်စုလာတယ်။

စုလာတဲ့အချိန်ကျတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောဒီ ဒကာ ဒကာမတို့၊ မျက်လုံးနဲ့ ဒါက ကျောက်ကလေးတစ်ခု မျက်လုံးနဲ့မြင်တယ် . . . (မှန်ပါ့)။

မြင်တဲ့အခါကျတော့ လိုချင်မှုလည်း ပေါ်ချင်ပေါ်မယ်တဲ့ (မှန်ပါ့) တစ်နံပါတ်၊ မလိုချင်မှုကော . . . (ပေါ်ပါတယ် ဘုရား)။

လိုချင်မှု မလိုချင်မှုကင်းတဲ့ ဓမ္မကော . . . (ပေါ်ပါတယ် ဘုရား)။ ဘယ်နှစ်မျိုးပေါ်တုံး . . . (သုံးမျိုးပေါ်ပါတယ်ဘုရား)။

အဲ . . . သုံးမျိုးပေါ်တယ်ကွ ဒါမပေါ်ပါနဲ့ ဆိုလို့တော့ ဒကာ ဒကာမတွေ မရဘူးပေ့ါဗျာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဒီသုံးခု၊ တစ်ခုခုလာမှာပဲ

ဒါ မပေါ်ပါနဲ့ဆိုတော့ ဒါက ဓမ္မနိယာမကွာ ကိုမြင့်တို့ မောင်နိုင်တို့၊ မပေါ်ပါနဲ့လို့ ဆိုလို့တော့ မရဘူး . . . (မရပါဘူးဘုရား) မျက်လုံးဖွင့်ရင် ဒီသုံးခု တစ်ခုခုကတော့ ပေါ်ရမယ် (ပေါ်ရမှာပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါ ဘယ်နှယ့်ကြောင့်ပေါ်ရတုံး အိုး . . . ဒါ နိယာမတွေ၊ ဆောင်းပြီး နွေလာတာကို မောင်နိုင်က၊ ထူးထူးဆန်းဆန်းလား သူပေါ်မြဲလား . . . (ပေါ်မြဲပါဘုရား) မျက်လုံးဖွင့်ရင် ဒီသုံးခု လာမယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ပုထုဇဉ်သာမှန်ရင် လာရမယ်တဲ့ . . . (မှန်ပါ့) ဒီသုံးခု တစ်ခုခု . . . (လာရမှာပါဘုရား) မလာပါနဲ့ ဆိုလို့ (မရပါဘူးဘုရား) ကျေနပ်ပလား . . . (ကျေနပ်ပါတယ် ဘုရား)။

အဲဒီတော့ လာတဲ့နေရာမှာ ဘုရားက အသုံးချရမှာ . . . (မှန်ပါ့) မျက်လုံးဖွင့်သာဖွင့်ထား၊ လာတဲ့နေရာမှာ မောင်နိုင်ရဲ့ သိမ်းဆည်းနိုင်ရမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါ ပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ယခု တစ်နံပါတ်ကလေး၊ လေးနံပါတ်ကို ဘုန်းကြီးခုရှင်းပြပါပြီတဲ့၊ လေးနံပါတ်နေရာမှာ ဒကာ ဒကာမတို့ ဝမ်းသာတာလည်း လာနိုင်တယ်နော် (မှန်ပါ့) ဝမ်းနည်းတာကော . . . (လာနိုင်ပါတယ်ဘုရား) ဝမ်းသာဝမ်းနည်း ကင်းတဲ့သဘောလေးကော . . . (လာနိုင်ပါတယ်ဘုရား)

လာနိုင်တယ် မြင်ကာမျှ မတ္တတွေ ဟုတ်လား . . . (မှန်ပါ့) လိုချင်ကာမျှ မတ္တမဟုတ်ဘူး . . . (မှန်ပါ့) အင်း ဒီဥစ္စာ ဥပေက္ခာသဘောနဲ့ ဒီနေရာလာတယ် ဆိုတာလည်း ခုနက ရှင်းပေးခဲ့ပါပြီ . . . (မှန်ပါ့)။

အဲတော့ ဒီနေရာ ဘယ်နှစ်မျိုးလာတုံး . . . (သုံးမျိုး သာပါတယ်ဘုရား) သုံးမျိုးလာတော့ မင်းတို့အရေးက ဒီဘက် သံသရာမဆက်ချင်လို့ရှိရင်၊ ငါသေသေချာချာ သံသရာ ပြတ်ဘုရားကို ဟောဒါလေးကို ငါ အပြတ်ခိုင်းမယ် . . . (မှန်ပါ့)။

လေးနံပါတ် အဖြတ်ခိုင်းတာ (မှန်ပါ့) ဒကာ ဒကာမတို့ ဘယ် နံပါတ်တုံး . . . (လေးနံပါတ်ပါဘုရား) လေးနံပါတ် မလာပါနဲ့ ဆိုလို့လည်းမရဘူးတဲ့ . . . (မှန်ပါ့) လာမှာပဲတဲ့။

ဒကာ ဒကာမတွေ မလာပါနဲ့ဆိုလို့ ဘယ်တားရမတုံး (မရပါဘူးဘုရား) မျက်လုံးရှိတဲ့သူ ဖွင့်မှာပဲ ဖွင့်ရင်တော့ ဒါတော့ ပေါ်မှာပဲ . . . (မှန်ပါ့)။

လိုချင်မှ လာချင်လာမယ် . . . (မှန်ပါ့) မလိုချင်ဘူး (လာမှာပါဘုရား) အင်း မလိုချင်မှု လိုချင်မှု ကင်းတဲ့သဘော ကော . . . (လာမှာပါဘုရား)။

လာမှာပဲတဲ့ လာချင်တာလာပစေ ဘုရားက ကိစ္စမရှိ ဘူးတဲ့ ဒါ ဝီထိ ပဋိစ္စသမုပ္ပါဒ်ကြည့်ရင် နိယာမ ဝီထိအားဖြင့် လည်း နိယာမ အမြဲတမ်းပေါ်တဲ့တရားပဲတဲ့၊ လာတာ မလာတာ ဘယ်သူမှ မတတ်နိုင်ဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

လာတာ မလာတာကိုတော့ . . . (ဘယ်သူမှ မတတ် နိုင်ပါဘူးဘုရား) ဘယ်သူမှ မတတ်နိုင်တော့ လာမှာပဲတဲ့ ဒီဥစ္စာ ဒကာ ဒကာမတို့ အရေးကြုံပြန်ပြီနော် . . . (မှန်ပါ့)။

အရေးကြုံပါပြီတဲ့၊ ဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး

သံသရာမဆက်တဲ့တရားကို သူဟောပါတယ်၊ ဣန္ဒြိယ ဘာဝနာ ဒါ တို့အရိယာတို့ တရားကတော့ကွာတဲ့၊ ဒီနေရာမှာ ပေါ်တဲ့ တရားကို စဉ်းစားဖို့ပဲ၊ ဒါမပေါ်ပါစေနဲ့လို့ ဣန္ဒြိယသည် ပါရာ သိဝိယ ဆရာကြီးကတော့ ဒါကို မပေါ်စေနဲ့ ပြောတာ . . (မှန်ပါ့)။

ဘုရားကတော့ ဒါ ပေါ်ပလေ့စေ . . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါတယ်ဘုရား) ဘုရားက (ပေါ်ရမှာပါ ဘုရား) ဘုရားက ပေါ်ပလေ့စေ ဆိုတဲ့ဥစ္စာက မပေါ်ပါနဲ့ဆိုလို့ကို မရလို့ ဝိထိနိယာမ၊ ပဋိစ္စသမုပ္ပါဒ် နိယာမ မို့ ဘုရားက သူလည်း မတားနိုင်လို့ ပေါ်ပစေ ပြောတာ . . . (မှန်ပါ့)။

ဘယ်သူက တားနိုင်တုံး ဒကာ ဒကာမတွေ (ဘယ်သူ မှ မတားနိုင်ပါဘုရား) မြင်လို့ လိုချင်တာကော ဘယ်သူတား နိုင်တုံး . . . (မတားနိုင်ပါဘူးဘုရား) မြင်လို့ မလိုချင်တာ ကော. . . (မတားနိုင်ပါ့ဘူးဘုရား) အင်း မြင်လျှက်သားနဲ့ပဲ လိုချင်မှု။ မလိုချင်မှုကင်းတဲ့ သဘောလေး ပေါ်တာကော (မတားနိုင်ပါဘူး ဘုရား)။

ဘယ်သူမှ မတားနိုင်ဘူး ဒကာ ဒကာမတို့ ဒါ မျက်လုံး သာဖွင့် ဒီနေရာကတော့ဖြင့် ရောက်ရမှာချည့်ပဲ . . . (မှန်ပါ့)

ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အတိုနည်းနဲ့ပြတဲ့တရား

သေသေချာချာသာ နားထောင်ပါ ဒကာ ဒကာမတို့ ဒီဥစ္စာဝိပဿနာ အတိုနည်းနဲ့ ဘုရားကတစ်ခါတည်း သံသရာ စခန်းကို ဖြတ်လမ်းကနေပြီးပြတဲ့ တရားလို့ ဥပရိပဏ္ဏာ သပါဠိ တော်မှာ ဒါ ဟောပြီးတော့ မောင်နိုင်ရဲ့ နောက်မဟောတော့ ဘူး . . . (မှန်ပါ့) ဒါ အင်မတန် အရေးကြီးတဲ့ တရားလို့ ဒကာ ဒကာမတွေ မှတ်ပါ. . . (မှန်ပါ့)။

အဲဒီတော့ကိုတဲ့ တရားဟာ ပေါ်တယ်ဆိုတာတော့ဖြင့် ဒကာ ဒကာမတို့ ဘယ်သူမှမတားလို့ မရလို့ ပေါ်တာကို ပေါ်ပစေ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီတရား မပေါ်ပါစေနဲ့လို့ဆိုလို့တော့ . . . (မရပါဘူး ဘုရား) ပေါ်တာကို အသုံးချဖို့ပဲ ကျုပ်တို့က အရေးကြီးတယ် (မှန်ပါ့)၊ ပါရာသိဝိယ ဆရာကြီးကတော့ ဒါကို သူက မပေါ် အောင် ခိုင်းတယ် . . . (မှန်ပါ့)။

သူ မပေါ်ပါနဲ့ဆိုလို့ နေမဲ့တရားလား . . . (မနေပါဘူး ဘုရား) နိယာမလေကွာ (မှန်ပါ့) နိယာမဆိုတာ ဒါပြီး ဒါပေါ်

ဒါပြီးဒါပေါ် ဆိုတော့ ပြောင်းလို့ပြင်လို့ ရပ့ါမလား . . . (မရပါ ဘူးဘုရား)။ ကျေနပ်ကြပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါတရားအစစ်ကို ဟောတော့မယ်ဆို၍ ရှေ့ပိုင်းကနေ အကုန်ရှင်းပေးနေတာနော် . . . (မှန်ပါ့) ရှေ့ပိုင်းက အကုန်ရှင်း ပေးနေတယ် ကိုင်းဒါဖြင့် မြင်လို့ရှိရင် ခင်ဗျားတို့ သားသမီး မြင်လည်း တစ်ခါတစ်လေကျလို့ရှိရင် ခင်တာလည်း ပေါ် ချင် ပေါ်မှာယ် . . . (မှန်ပါ့)။

အင် တွေ့ထိပြီးတော့ နင်ကြည့်ရတာ ဟုတ်လား ချေး လက်ရှစ်သစ်နဲ့ အဝတ်က စုတ်ပြတ်လို့ အစရှိသည်နဲ့ ဒီလိုလည်း ပေါ် ချင်ပေါ် တာ . . . (မှန်ပါ့) မပေါ် ဘူးလား . . . (ပေါ်ပါ တယ်ဘုရား)။

ပေါ် နေတာပဲ တစ်ခါတစ်လေကျတော့လည်း ဩော် . . . ဘယ်သွားသကိုးလို့ သွားမှန်းသိရုံလေးလောက်မြင်တဲ့ သဘော ကော . . . (ပေါ်ပါတယ်ဘုရား)။ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

## ပေါ်တဲ့တရားကိုစဉ်းစားပါ

ဘယ်နှစ်မျိုးပေါ် တုံး . . . (သုံးမျိုးပေါ်ပါတယ်ဘုရား)

အဲ ပေါ်တာလေးကို စဉ်းစား၊ ပေါ်တာလေးကို ဒါ ပေါ်တော့ ပေါ်ပြီ နောက်ကနေပြီး ဒကာ ဒကာမတွေက စဉ်းစား . . . (မှန်ပါ့) ဒီပေါ်တဲ့တရားလေး စဉ်းစား . . . (မှန်ပါ့)။

ပေါ်တဲ့တရားလေးဟာ ဒကာ ဒကာမတို့က စဉ်းစားလုံးကလေးသာ ထုတ်လိုက်ပါ သဘောကျပလား . . . (ကျပါတယ်ဘုရား) ပေါ်တဲ့တရားလေးကို ဘာလုပ်ရမတုံး . . . (စဉ်းစားလုံး ထုတ်ရမှာပါဘုရား)။

စဉ်းစားလုံး ထုတ်ရမယ်တဲ့ ဒကာ ဒကာမတို့ ပေါ်တဲ့တရားဘာလုပ်ရမတုံး . . . (စဉ်းစားလုံး ထုတ်ရမှာပါဘုရား) ဩော် . . . ဒီတရားလေးကို ခင်ဗျားတို့ ခု ဘုန်းကြီးက စဉ်းစားလုံးကို ဖြည့်စွက်ပြီး သကာလ ဒကာ ဒကာမတို့ နားမလည်လည်အောင်ပဲ ရှင်းပေးပါတော့မယ်နော် . . . (မှန်ပါ့)။

## အကြောင်းမရှိပဲနဲ့မပေါ်ဘူး

ဒီတရားလေးဟာ မောင်နိုင်တို့ ကိုမြင့်တို့က စဉ်းစားဟောဒီ အကြောင်းမရှိပဲနဲ့ ပေါ်ပမလား . . . (မပေါ်ပါဘူးဘုရား)။ ဩော် ဒီအကြောင်းက ပြုပြင်လို့ ပေါ်လာတဲ့တရားလို့ တွေးလိုက် . . . (မှန်ပါ့)။

## အဆင်းကပြုပြင်လို့ပေါ်လာတာ

ဒီကျောက်တည်းဟူသော အဆင်းက ပြုပြင်လို့ ပေါ်လာတဲ့တရား . . . (မှန်ပါ့) ကျောက်မရှိရင် ဒီလိုချင်ဆိုတာ လာပါ့မလား (မလာပါဘူးဘုရား) ဒါဖြင့် လိုချင်တာ အသာထားဦး . . . ကျောက်ကပြုပြင်လို့ ပေါ်လာတဲ့တရားလို့တွေး (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒီတရားဟာ ဘယ်သူ့ကြောင့် ပေါ်လာတုံး . . . (ကျောက်ကြောင့်ပါဘုရား) အဲ ကျောက်ကပြုပြင်လို့ ပေါ်လာတဲ့တရား ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကျောက်ကပြုပြင်လို့ ပေါ်လာတဲ့တရား ဆိုကတည်းက သူ ပဋိစ္စသမုပ္ပန္န တရားလို့ပြောလိုက်တယ် စာလိုပြောတော့ ရှုပ်နေမစိုးလို့နော်။

ဒီကျောက်တည်းဟူသော တရားက ပြုပြင်လို့ ပေါ်လာတဲ့တရားမှ ဟုတ်ပါရဲ့လား ဒကာ ဒကာမတို့ လေးနံပါတ် ဟာ (ဟုတ်ပါတယ်ဘုရား) အင်း ပြုပြင်လို့ ပေါ်လာတဲ့တရားလို့ ချက်ခြင်းတွေးပါ . . . (မှန်ပါ့) ဟုတ်လား . . . (မှန်ပါ့) ပြုပြင်လို့ ပေါ်လာတဲ့တရားဖြင့် သင်္ခါရတရား . . . (မှန်ပါ့)။

ပြုပြင်လို့ ပေါ်လာတဲ့တရား . . . (သင်္ခါရတရား)

ဒီတရားက မပြုပြင်ပဲနဲ့ဖြင့် ဒါပေါ်ကို မပေါ်ဘူး . . . (မပေါ်ပါဘူး ဘုရား) စဉ်းစားကြည့်ပါ ဒီကလေးက ငိုဆိုရင် ငိုတာပါပဲ ဒီအမေဟာ . . . (မှန်ပါ့) ဒီကလေးက ပြုံးလိုက်ဆိုရင် . . : (ပြုံးပါတယ်ဘုရား)။

ဒါဖြင့် ဒီအာရုံက ပြုပြင်နေတယ်ဆိုတာ မပေါ်ကြဘူးလား (ပေါ်ပါတယ်ဘုရား) ဒါဖြင့် သူ သင်္ခါရတရား . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## လောဘ၊ ဒေါသ၊ မောဟမဟုတ် သင်္ခါရတရား

ဘာတရားခေါ်ကြမတုံး . . . (သင်္ခါရ တရားပါဘုရား) ဟာ ဒါဖြင့် သူ သင်္ခါရတရားပါလားလို့ သင်္ခါရတရားလို့ပဲ တွေးလိုက်တယ်။ သင်္ခါရတရားလို့ တွေးလိုက်တော့ သူသည် လောဘကော ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘူး)၊ ဒေါသကော . . . (မဟုတ်ပါဘူး) အင်း မောဟတရားကော . . . (မဟုတ်ပါဘူးဘုရား)။

မဟုတ်ပါဘူးတဲ့ ဒါ သင်္ခါရတရားလေးပဲလို့သာ တွေးလိုက်ပါ . . . (မှန်ပါ့) သင်္ခါရတရား ပဋိစ္စသမုပ္ပန္နတရား (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် သမုဒယသစ္စာကို ... ။ ဒါဖြင့် သင်္ခါရတရားမှန်းလည်းသိပြီး ပဋိစ္စသမုပ္ပန္န တရားလည်း သိသွားပြီဆိုလို့ရှိရင်ဖြင့်တဲ့ ဒါကို ခင်ဗျားတို့က သင်္ခါရတရား၊ ပဋိစ္စသမုပ္ပန္နတရားလို့ ခင်ဗျားတို့က တွေးလုံးကလေးနောက်ကနေပြီး တွေးလုံးသာထုတ် ပေါ်တိုင်း ပေါ်တိုင်းတွေးလုံးထုတ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ပေါ်တိုင်း ပေါ်တိုင်း တွေးလုံးထုတ်လိုက်တဲ့အခါကျတော့ သင်္ခါရတရား၊ ပဋိစ္စသမုပ္ပန္နတရားဆိုသဖြင့် သင်္ခါရဖြင့်ပျက်တယ်မလာဘူးလား . . . (လာပါတယ်ဘုရား) ပဋိစ္စသမုပ္ပန္နတရားဖြင့် ချုပ်တယ် . . . (မှန်ပါ့)။

## သင်္ခါရတရားပျက်တယ်

မလာပေဘူးလား . . . (လာပါတယ်ဘုရား) သင်္ခါရတရားဖြင့် (ပျက်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပန္နတရားဖြင့် (ချုပ်ပါတယ်ဘုရား) ချုပ်တယ်ဆိုတော့ ပဋိစ္စသမုပ္ပန္န တရားဆိုတာကတော့ ဖြစ်ပြီး ချုပ်ရမှာကိုး . . . (မှန်ပါ့) မချုပ်ရပေဘူးလား. . . (ချုပ်ရမှာပါဘုရား)။

အဲဒီကဲ့သို့ ဒီတရားလေးကို ဒကာ ဒကာမတို့ ခင်ဗျားတို့

နားလည်တဲ့ဉာဏ်နဲ့ ပြောမယ်ဆိုလို့ရှိရင်ဖြင့် ဒီတရားကို ခင်ဗျား တို့က လောဘလို့လည်း မယူနဲ့၊ ဒေါသလို့လည်း မယူနဲ့၊ သင်္ခါရ တရားဖြစ်ပျက်ကလေးပဲသာ လုပ်လိုက် . . . (မှန်ပါ့) ရှင်းဝလား (ရှင်းပါပြီဘုရား)။

## လိုချင်တာ မလိုချင်တာ ဖြစ်ပျက်ရှု

ဒီတရားလေး လိုချင်တာလေးလာလည်း ဖြစ်ပျက်ရှု လိုက် (မှန်ပါ့) မလိုချင်တာလေးလာရင်ကော . . . (ဖြစ်ပျက် ရှုရမှာပါဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

လိုချင်မှု မလိုချင်မှုကင်းတဲ့ စိတ်ကလေး ပေါ်လာရင် ကော . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) အဲတော့ ဒီနေရာမှာ ဖြစ်ပျက်နဲ့ ရှုလိုက်တော့ သူက ဖြစ်ပျက် ဖြစ်တော့၊ သူ့နောက်က ရှုတာက မဂ်လာဖြစ်တော့၊ ဒီ ဉပါဒါန်တို့ ကံတို့ လာသေးရဲ့ လား . . . (မလာပါဘူးဘုရား)။

ဒီဘက်က ဇာတိ၊ ဇရာ၊ မရဏတို့ကော . . . (မလာ တော့ပါဘူးဘုရား) မလာတော့ ဩော် . . . ဒါ ဒီလို ရှုလိုက်တဲ့ အတွက် ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ ဟောပါ တယ်ကွာတဲ့ လောဘလည်း မရှိဘူးကွ။ (မှန်ပါ့) လောဘလည်း

မဟုတ်ဘူးတဲ့ ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

သင်္ခါရတရား၊ ပဋိစ္စသမုပ္ပန္န တရားပဲဖြစ်တယ် . . . (မှန်ပါ့) ဒေါသလည်း မဟုတ်ဘူးကွ ဘာတုံး . . . (သင်္ခါရ တရား ပဋိစ္စသမုပ္ပန္န တရားပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ပြုပြင်လို့ပေါ်တဲ့တရားလို့ သိပေးပါ

အဲတော့ သင်္ခါရတရား၊ ပဋိစ္စသမုပ္ပန္န တရားလို့ မင်းတို့က ဩော် သူပြုပြင်လို့ ပေါ်လာတဲ့တရား၊ သူပြုပြင်လို့ ပေါ်လာတဲ့တရား၊ ဒီလို သိပြီးသကာလ နေလို့ရှိရင်၊ ဒီသိတဲ့ အချိန်ကျတော့ ပြုပြင်လို့ ပေါ်လာတဲ့တရားဟာလို့လည်း သိပြန်တော့ သိတဲ့အချိန်ကျတော့ ပြုပြင်လို့ ပေါ်လာတဲ့တရားဟာလို့လည်း သိပြန်တော့ သိတဲ့အချိန်မှာ ပြုပြင်လို့ ပေါ်လာတဲ့တရားလေးဟာလည်း မရှိဘူးဆိုတာ ပါသွားတယ် . . . (ပါပါတယ်ဘုရား) မပါဘူးလား . . . (ပါပါတယ်ဘုရား)။

ပြုပြင်လို့ ပေါ်လာတဲ့တရားလို့ သိရင်လည်း ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား) မရှိတော့ အဖြစ်လည်း သူသိတယ် (မှန်ပါ့) အပျက်ကော . . . (သူသိပါတယ်ဘုရား)။

ဒါဖြင့် လောဘလား ဖြစ်ပျက်လား . . . (ဖြစ်ပျက်ပါဘုရား) ဒေါသလား ဖြစ်ပျက်လား . . . (ဖြစ်ပျက်ပါဘုရား) မောဟလား (ဖြစ်ပျက်ပါဘုရား)။

## ဖြစ်ပျက်နောက်ကသိတာကမဂ်

အင်း ဒါဖြင့် ဖြစ်ပျက်နောက်က သိတာက . . . (မဂ်ပါဘုရား) ဒီလိုဖြစ်သွားလို့ရှိရင် မျက်လုံးဖွင့်ပါကွတဲ့ . . . (မှန်ပါ့) သဘောကျဖလား . . . (ကျပါတယ်ဘုရား)။

အဲဒီတော့ ဒီဉာဏ်ဟာ ဘာဉာဏ်လို့ဆိုမတုန်းလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်) ဟောဒီ လောဘဟာလည်း လောဘအဖြစ် မထားဘူး၊ ဒေါသလည်း ဒေါသအဖြစ် မထားဘူး၊ ဖြစ်ပျက်ပဲထားတယ် . . . (မှန်ပါ့)။

မောဟကော . . . (မောဟအဖြစ်မထားပါဘူး။ ဖြစ်ပျက်ပဲ ထားပါတယ်ဘုရား) ဖြစ်ပျက်ပဲထားတော့ ဟောဒီက တစ်တန်းတည်း ဖြစ်မသွားဘူးလား . . . (ဖြစ်သွားပါတယ်)။

လောဘနဲ့ ဒေါသ မောဟတွေ ဘယ်နှယ့်နေတုံး ဒကာဒကာမတွေ (တစ်တန်းတည်း ဖြစ်သွားပါတယ်ဘုရား) တစ်တန်းတည်း ဖြစ်ပျက်တူမသွားဘူးလား . . . (တူသွားပါတယ်ဘုရား)

## ဒီကာစ ရှုလည်းရတယ်

အဲဒါသည် ဟောဒီဉာဏ် ဒီဉာဏ်ကနေပြီး ဖြစ်ပျက်သာ တွေ့တဲ့အတွက် ဒါ ဝိပဿနာပေက္ခဉာဏ်လို့ မှတ်လိုက်ပါ တစ်ခါတည်း သင်္ခါရုပေက္ခာဉာဏ် ထိုးတက်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

သင်္ခါရုပေက္ခာ ပြီးရင် မဂ်ဉာဏ်ပဲရှိတော့တာပဲ . . . (မှန်ပါ့) ဒီကနေစရှုလည်း ရတယ်ကွ . . . (မှန်ပါ့) သဘောကျ ပလား (ကျပါတယ်ဘုရား) ဘယ်လောက်အဖိုးတန်တုံး ဒကာ ဒကာမတွေ (တန်ပါတယ်ဘုရား) သဘောပါပလား . . . (ပါပါ တယ်ဘုရား)။

ဒီနေ့တော့ တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု . . .။